# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသဿရ၊ တိပိဋက ဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊

*စာမျက်နှာ ၃ ကော်လံ ၁ ➡*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ရွှေစည်းခုံပုံတူစေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်စဉ်။

**ယနေ့ ဖတ် စ ရာ**


ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်၌ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်ကား — ပြည်တွင်းသတင်း စာ - ၁၁

သီရိလင်္ကာနိုင်ငံ၌ သမ္မတသစ်ကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ဇူလိုင် ၂၀ ရက်တွင် မဲပေးရွေးချယ်မည်ဟုဆို — နိုင်ငံတကာသတင်း စာ - ၁၃

# ငါးသယံဇာတတိုးပွား၍ တောင်သူတို့ အကျိုးများစေဖို့

နှစ်စဉ် မိုးရာသီကာလသို့ ကျရောက်လာတိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များနှင့် သဘာဝရေပြင်များ၊ ဆည်ရေလှောင်တမံများအတွင်း ငါးမျိုးစိုက်ထည့်ပွဲများကို ကျင်းပလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးပွဲတော်များတွင် နှစ်စဉ်စိုက်ပျိုးသည့် သစ်ပင်အရေအတွက်နှင့် အောင်မြင်ဖြစ်ထွန်းသည့် သစ်ပင်အရေအတွက်တို့ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် စိုက်သမျှအောင်မြင်ဖြစ်ထွန်းစေရန်အတွက် ပျိုးပင်အရွယ်အစား ပိုမိုကြီးမားသည်အထိ ပြုစုပျိုးထောင်ပြီးမှ စိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်မျိုးများ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသည့်နောက်တွင် ဆက်လက် ပြုစုပျိုးထောင်ပေးခြင်း၊ ရှင်သန်မှုမရှိသည့် အပင်များနေရာတွင် ကွက်လပ်ဖြည့်စိုက်ပျိုးပေးခြင်းဖြင့် အောင်မြင်မှုရရှိသည့် နေရာများကို တွေ့ရှိရသည်။ သစ်ပင်စိုက်ပွဲတော်များကျင်းပပြီး ဆက်လက်ပြုစု ပျိုးထောင်ခြင်းကင်းမဲ့လျှင် ရှင်သန်ပေါက်ရောက်မှု ရာခိုင်နှုန်း နည်းပါးမည်သာဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကုန်းတွင်းပိုင်း ရေပြင်များတွင် ရေချိုငါးသယံဇာတများ သဘာဝအလျောက်တည်ရှိနေရာ အလွန်အကျွံငါးဖမ်းဆီးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ရေထုညစ်ညမ်းမှု၊ ငါးနေငါးထိုင်များနှင့် ငါးများ သဘာဝအလျောက် မျိုးပွားသားပေါက်သည့်နေရာများ ပျက်စီးဆုံးရှုံးမှု၊ ငါးရောဂါများကျရောက်မှု၊ ငါးများ အချင်းချင်း စားသောက်မှု စသည့်အကြောင်းတရားများကြောင့် ငါးသယံဇာတလျော့နည်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ငါးသယံဇာတလျော့နည်းမှုကို ထိန်းသိမ်းနိုင်ရန် နည်းလမ်းများအနေဖြင့် ငါးနေငါးထိုင်များနှင့် ငါးများ မျိုးပွားသားပေါက်နိုင်ရန်နေရာများ ပြန်လည်အစားထိုး ဖန်တီးပေးခြင်း၊ ငါးမျိုးစိုက်ထည့်ပေးခြင်းတို့အပြင် ကျဉ်စက်အသုံးပြု၍ ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းတို့ကဲ့သို့သော တရားမဝင် ငါးဖမ်းနည်းများကို အသုံးပြု၍ ငါးဖမ်းခြင်းကို ထိရောက်စွာ တားဆီးနိုင်ရမည်ဖြစ်သည်။ သို့မှသာလျှင် သဘာဝရေပြင်များဖြစ်သော မြစ်ချောင်းအင်းအိုင်များနှင့် လူတို့တည်ဆောက်ထားသည့် ဆည်မြောင်းတာတမံများအတွင်း နှစ်စဉ် ငါးသယံဇာတထိန်းသိမ်းနိုင်ရေး ငါးမျိုးစိုက်ထည့်ပေးခြင်းတို့ ပိုမို၍ အကျိုးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေချိုရေပြင် ဧရိယာစုစုပေါင်း ဧက ၅၃ ဒသမ ၃၈ သန်းရှိသည့်အနက် သဘာဝမြစ်ချောင်းအင်းအိုင်ရေပြင်ဧက ၂၀ ဒသမ ၅၁ သန်း၊ ရေဝပ်ဧရိယာ ဧက ၁၅ သန်း၊ စပါးစိုက်ဧက ၁၃ ဒသမ ၃၈ သန်းနှင့် ဆည်၊ ရေလှောင်ကန်ဧရိယာဧက ၄ ဒသမ ၅ သန်းတို့ပါရှိနေရာ စပါးစိုက်ဧကများတွင် အခြေအနေပေးသည့် နေရာဒေသများ၌ စပါးငါး တွဲဖက်စိုက်ပျိုးမွေးမြူရေးကို ဆောင်ရွက်ခြင်းဖြင့် စပါးစိုက်တောင်သူတို့ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ စင်စစ် စပါးငါး တွဲဖက်စိုက်မွေးခြင်းသည် တရုတ်နိုင်ငံတွင် နှစ်ပေါင်းထောင်နှင့်ချီ ကြာမြင့်ခဲ့ပြီဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင်လည်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံတွင်လည်း ၎င်းတို့ကဲ့သို့ စနစ်တကျလုပ်ကိုင်နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်သည်။

စပါး ငါး စိုက်ပျိုးမွေးမြူခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ်ကို ပိုမိုဖြစ်ထွန်းမှုမှာ ၅၀ ရာခိုင်နှုန်းဖြစ်၍ "စပါးကရွှေ၊ ငါးက ငွေ၊ လယ်ယာသားငါး ပြည့်စီးပွား"ဟူသော ဆောင်ပုဒ်ဖြင့် တစ်ချိန်က ဆောင်ရွက်ခဲ့ပြီး စနစ်တကျမလုပ်နိုင်ခဲ့ခြင်း အပါအဝင် အကြောင်းအမျိုးမျိုးဖြင့် အောင်မြင်မှု နည်းပါးခဲ့သည်။ အားနည်းချက်များကို ပြင်ဆင်ပြီး အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခြင်းဖြင့် အခြားနိုင်ငံများနည်းတူ လယ်ယာသားငါး ထုတ်လုပ်မှုတို့ အောင်မြင်တိုးတက်ကာ တောင်သူတို့ အကျိုးများနိုင်ပါစေကြောင်း။ ။

❖ *ကျောဖုံးမှ*

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## နောင်တရားမြို့၌ အာဇာနည်နေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**နောင်တရား ဇူလိုင် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။(ယာပုံ)

အာဇာနည်နေ့ အထိမ်းအမှတ် ဆေးရောင်ခြယ် ပြိုင်ပွဲတွင် အ.ထ.ကကျောင်းမှ မူလတန်း အဆင့် ကျောင်းသား ကျောင်းသူများ၊ အ.မ.ကကျောင်းကုန်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိကြိုက်နှစ်သက်ရာ အရုပ်များကို ဆေးရောင်ခြယ်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများမှ လှပမှန်ကန်စွာ ဆေးရောင်ခြယ်နိုင်သည့် ကျောင်းသား ကျောင်းသူ သုံးဦးကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးတင့်က ဆုများ ချီးမြှင့်သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ကိုးဦး၏ သမိုင်းအကျဉ်းများကို နံရံကပ်စာစောင်၊ ဓာတ်ပုံများဖြင့် ခင်းကျင်းပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လှိုင်သာယာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်အား မိုင်းထောင်ဖောက်ခွဲသည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်၏ လည်ပင်းအား ဓားဖြင့် ရက်စက်စွာခုတ်၍ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ဝမ်းမြောက်ကြောင်းလျှောက်ထားစဉ်။

❍ *ရှေ့ဖုံးမှ*

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ (ဓမ္မဒူတ ဆရာတော်) တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီး၊ လားမားဘုန်းတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**ရုရှားနိုင်ငံသားများ တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin **(အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်)**၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့အစည်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိန်းကျော်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရ အရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသား အရာရှိများ၊ ရုရှား- မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေး အသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းမှ ဧည့်သည်တော်များ၊ မော်စကိုထေရဝါဒဗုဒ္ဓ အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သံရုံးများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင်ပူဇော်စဉ်။

- ❖ ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာထေရဝါဒဗုဒ္ဓစင်တာ ကျောင်းတော်ကြီးကို တည်ထောင်နိုင်ခဲ့
- ❖ ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တရားအားထုတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းမှုဖြင့် သဒ္ဓမ္မဇောတိကသိမ်တော်ကြီးနှင့် ရွှေတိဂုံစေတီပုံတူအထွတ်တင်စေတီကို မြန်မာနိုင်ငံမှ သံဃာတော်အရှင်သူမြတ်များ ပင့်ဆောင်၍ ပန္နက်ချမင်္ဂလာဆောင်ရွက်နိုင်ခဲ့
- ❖ ၂၀၂၂ ခုနှစ် ဇွန်လတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ကိုယ်စားလှယ်များက ရွှေတိဂုံစေတီပုံတူအထွတ်တင်စေတီကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခဲ့ပြီး သဒ္ဓမ္မဇောတိက သိမ်တော်ကြီးကို ရေစက်ချလှူဒါန်းနိုင်ခဲ့

**ပရိတ်တရားတော်များ နာယူကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင် တားဆီးကာရံကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

**လက်ယာရစ်လှည့်လည်ပင့်ဆောင်**

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင် ပူဇော်ကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ သံအမတ်ကြီးများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော် အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

### ဗုဒ္ဓါဘိသိတ်သွန်းတော်မူ

ဆက်လက်ပြီး သံဃာတော် အရှင်သူမြတ်များက ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီး သီတဂူဆရာတော်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် ဝမ်းမြောက်သြဝါဒစကား မြွက်ကြားသည်။

### ကမ္ဘာတည်သရွေ့ထွန်းလင်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်း လျှောက်ထားရာတွင် မော်စကိုမြို့အနီးကာလုဂါပြည်နယ်တွင် တည်ထားလျက်ရှိသည့် ပထမဆုံးသော ထေရဝါဒဗုဒ္ဓဘာသာစေတီဖြစ်သည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် ကုသိုလ်ပြုခွင့်ရရှိခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ စေတီတော်ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့နေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမို တိုးတက်လာစေရန်၊ အရှေ့တိုင်း ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို ပြသရန်ရည်ရွယ်၍ ရွှေစည်းခုံ ပုံတူစေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်ကြောင်း။

### သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်

ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်းဝင် ပုဂံမြို့တွင် တည်ရှိသည့် မူလရွှေစည်းခုံ စေတီတော်မြတ်ကြီးကို ပထမမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့သည့် အနော်ရထာ မင်းတရားကြီးက ရှင်အရဟံမထေရ်မြတ်၏ သြဝါဒခံယူ၍ လွန်ခဲ့သည့်



သီတဂူဆရာတော်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

> **"ယခုစေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်"**

၉၆၃ ခုနှစ်ခန့်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အနော်ရထာမင်း နတ်ရွာစံတော်မူပြီးနောက် သားတော် ကျန်စစ်သားမင်းက ဆက်လက်တည်ဆောက်ခဲ့ပြီး လွန်ခဲ့သည့် ၉၃၂ ခုနှစ်ခန့်တွင် ပြီးမြောက်ခဲ့ကြောင်း၊ စေတီတော်ကြီး တည်ဆောက်ခဲ့သည့်နှစ်မှ ပြီးစီးခဲ့သည့်နှစ်အထိ နှစ်ပေါင်း ၃၁ နှစ်ကြာ တည်ဆောက်ခဲ့ပြီး ပုဂံရှိ နှစ်ထပ် စေတီတော် ၄၅ ဆူ အနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း၊ ထိုသို့သော သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအစဉ်အလာ ထူးကဲပြည့်စုံသည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရုရှားနိုင်ငံတွင် လာရောက်တည်ထားခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း။

ထို့အပြင် ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာထေရဝါဒဗုဒ္ဓစင်တာ ကျောင်းတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တရားအားထုတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းမှုဖြင့် သဒ္ဓမ္မဇောတိက သိမ်တော်ကြီးနှင့် ရွှေတိဂုံစေတီ ပုံတူအထွတ်တင်စေတီကို မြန်မာနိုင်ငံမှ သံဃာတော် အရှင်သူမြတ်များ ပင့်ဆောင်၍ ပန္နက်ချမင်္ဂလာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ကိုယ်စားလှယ်များက ရွှေတိဂုံစေတီပုံတူ အထွတ်တင်စေတီကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခဲ့ပြီး သဒ္ဓမ္မ ဇောတိက သိမ်တော်ကြီးကို ရေစက်ချလှူဒါန်းနိုင်ခဲ့ပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံးမြန်မာ့ယဉ်ကျေးမှု လက်ရာအပြည့်ဖြင့် ရွှေစည်းခုံပုံတူစေတီတော်ကြီး ယခုကဲ့သို့ တည်ထားနိုင်ရန်အတွက် မြန်မာနိုင်ငံမှ စေတနာရှင် အလှူရှင်များ၊ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မတည်လှူဒါန်းမှုနှင့် သီတဂူဆရာတော်ကြီး ကိုယ်တော်တိုင် ၁၀ ကြိမ်တိုင်တိုင် ကြွရောက်ကြိုးပမ်းတော်မူခဲ့ပြီး သီတဂူဗုဒ္ဓဝိဟာရ(မော်စကို) တွင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆရာတော်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ ဦးဆောင်စီမံကြီးကြပ်မှုနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ရုရှားနိုင်ငံမှ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘာသာ၊ သာသနာဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခုစေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော်ကြီးနှင့် သီတဂူ ဗုဒ္ဓဝိဟာရ (မော်စကို) မှ ဆရာတော်များအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

*စာမျက်နှာ ၅ သို့*



ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်) အောင်ခေါင်းလောင်းတော်အား သုံးချက်ထိုးခတ် ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသူများအား ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင် ရေးဆွဲထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံတူပန်းချီကားချပ်ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။



ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ် ဖိုမင်) စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

*စာမျက်နှာ ၄ မှ*

ထို့အပြင် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ပေးသည့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီးများနှင့် သံရုံးမိသားစုဝင်များ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်မှ တာဝန်ရှိသူများ၊ စေတီတော်ကြီး ဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသည့် ရပ်နီး၊ ရပ်ဝေးမှ စေတနာရှင် အလှူရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်**

ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံ ပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

ယင်းနောက် လားမားဘုန်းတော်ကြီးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က ဝမ်းမြောက်စကားများ ပြောကြားကြသည်။ ထို့နောက် လားမားဘုန်းတော်ကြီးက သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့အား ဓမ္မလက်ဆောင်များ ပေးအပ်ပြီး သီတဂူဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများကို ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအောင်ပွဲ အထိမ်းအမှတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရုရှား ရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင် ရေးဆွဲထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံတူပန်းချီကားချပ်ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် သီတဂူဆရာတော်ကြီး အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့တို့မှ အရာရှိကြီးများက အောင်ခေါင်းလောင်းတော်အား သုံးချက်ထိုးခတ်ပူဇော်၍ မေတ္တာပြုပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သစ်သီး (၉) မျိုးနှင့် မြသပိတ်ဆွမ်းတော်တို့ကို ကပ်လှူပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားအထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်ကြသည်။

**နေ့လယ်စာဖြင့် တည်ခင်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ယခုရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ လာရောက်စဉ် အခွင့်ကြုံသဖြင့် သင်တန်းသားများကို တွေ့ဆုံခြင်းဖြစ်ပြီး ယခုကဲ့သို့ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ မဟာမင်္ဂလာ အခမ်းအနားကို သင်တန်းသားအရာရှိများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြရသဖြင့် ကုသိုလ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရန်နှင့် ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်စေရန် စေတီတော်ကြီးကို တည်ဆောက်ပူဇော် နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း ကိုးကွယ်ရာဘာသာတရားနှင့် ပတ်သက်၍ ယုံယုံကြည်ကြည်ဖြင့် လေးလေးနက်နက် ဆောင်ရွက်ကြစေလိုပြီး ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ မေတ္တာတရား လက်ကိုင်ထား၍ မှန်မှန်ကန်ကန် ပြောဆိုနေထိုင် ဆက်ဆံကြစေလိုကြောင်း။

ရေခြား၊ မြေခြားတွင် ကာလရှည် သင်တန်းတက်ရောက်နေကြသည့် အရာရှိများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း မှန်မှန်ကန်ကန် သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရေးကို ခိုင်ခိုင်မာမာ ဖြစ်စေရန် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

**လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်**

၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအခြေအနေအပေါ် နိုင်ငံရေး အဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီ ပထမအကြိမ် ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီ အစိုးရတစ်ရပ် တက်လာခဲ့ကာ တပ်မတော်နှင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

**အကျယ်တဝင့်ရှင်းလင်း**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် ဒီမိုကရေစီအစိုးရသစ် တစ်ရပ်တက်လာခဲ့ပြီး နိုင်ငံရေးအရ အသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး နယ်ပယ်တို့တွင် ဥပဒေကို

*စာမျက်နှာ ၆ သို့*

## ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်



မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက်လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံ ဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့်ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၅ မှ*

လက်တစ်လုံးခြား အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ထို့နောက် ရွေးကောက်ပွဲမတိုင်မီ လှုပ်ရှားမှုများနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တို့တွင်လည်း မသမာသောနည်းလမ်းများဖြင့် အနိုင်ရရှိနိုင်ရေး လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့နောက် မဲမသမာမှုများကို ရှင်းလင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူအစိုးရအဖွဲ့သို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည် မဟုတ်ကြောင်း၊ **တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ သင်တန်းသား အရာရှိများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကို မှန်မှန်ကန်ကန်သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များနှင့်တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

**တစ်ဖက်တစ်လမ်းမှ ကြိုးပမ်း**

နိုင်ငံတိုင်းသည် မိမိတို့၏ အကျိုးစီးပွားအတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ပြီး Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း၊ ရပ်နေပါက မိမိတို့တိုင်းပြည် နောက်ကျ ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရာတွင် လူသားအရင်း အမြစ်ကောင်းများ ပေါ်ထွက်ရေးသည် အဓိကအရေးကြီးဆုံးဖြစ်သဖြင့် ပညာတတ်လူသား အရင်းအမြစ်များ ပေါ်ကြွယ်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုအပ်ပြီး အမြဲမပြတ်လေ့လာ အားထုတ်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်မှ ငွေကြေးအရင်းအနှီး၊ အချိန်အရင်းအနှီးများစွာ ကုန်ကျထားပြီး ပညာတော်သင် စေလွှတ်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ တစ်ဦးချင်းအတွက်၊ တပ်မတော်အတွက်၊ တိုင်းပြည်အတွက် အားကိုးအားထားရသည့် ပညာတတ် လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ စည်းကမ်းစနစ်တကျဖြင့် နေထိုင် သွားလာလှုပ်ရှားရမည်ဖြစ်ပြီး ဒေသန္တရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျနေထိုင်၍ ကျန်းမာရေး ကောင်းမွန်ရေးအတွက်ကိုလည်း တစ်ဦးချင်းအသိ၊ သတိဖြင့် ဂရုစိုက်နေထိုင်ကြရန်လိုကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ သင်တန်းသား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

**ဆက်လက်ထွက်ခွာ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ် သမ္မတ Mr. Rustam Nurgaliyevich Minnikhanov (**ရုစတန် နုဂါလီယယ်ဗစ်ချ် မင်နီခါ့နော့ဖ်**) ၏ ဖိတ်ကြားမှုအရ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ Sheremetyevo (**ရှဲလ်ယယ် မြဲကျဲဗာ**) အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် တာတာစတန်ပြည်နယ် ကာဇန်မြို့ ကာဇန်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

- ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန် လိုအပ်ပြီး အမြဲမပြတ်လေ့လာ အားထုတ်နေကြရမည်
- နိုင်ငံတော်နှင့် တပ်မတော်မှ ငွေကြေးအရင်းအနှီး၊ အချိန်အရင်းအနှီးများစွာ ကုန်ကျထားပြီး ပညာတော်သင် စေလွှတ်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ တစ်ဦးချင်းအတွက်၊ တပ်မတော်အတွက်၊ တိုင်းပြည်အတွက် အားကိုးအားထားရသည့် ပညာတတ် လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ အလုပ်သဘော တွေ့ဆုံဆွေးနွေးသည်။**

### တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော် တို့ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ် ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများသည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲတို့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆွေးနွေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာခဲ့ပြီး ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ Sheremetyevo (ရှဲလ်ယယ်မြဲကျဲဗာ) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin (အလက်ဇန်းဒါး ဗာစီးလီယယ်ဗစ်ဖိုမင်)၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာရာ နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများကို တွေ့ရစဉ်။

**နှစ်နိုင်ငံစီးပွားရေးဆွေးနွေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် ခေတ္တ တည်းခိုသည့် မော်စကိုမြို့ Metropol ဟိုတယ် ဧည့်ခန်းမ ဆောင်၌ ရုရှား-မြန်မာ ချစ်ကြည် ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံစီးပွားရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ရေး၊ ပညာရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများ စေလွှတ် ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံကိုးကွယ်ရာ ဘာသာနှစ်ခု ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ပြီး ကမ္ဘာလှည့် ခရီး သွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေနိုင်မည့် အခြေအနေ၊ အရပ်ဘက်ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေ များနှင့်ပတ်သက်၍ ခင်မင် ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပို့ကုန်၊ သွင်းကုန်ကဏ္ဍ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက်တွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov (အီဗန် ပါလျာကော့) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ခေတ္တ တည်းခိုနေထိုင်သည့် Metropol ဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံ၍ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များ တင်ပို့နိုင်ရေးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု အတွက် နည်းပညာလိုအပ်ချက် များကို ပူးပေါင်းဆောင်ရွက်နိုင် မည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့် မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေ အနေများကိုလည်းကောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှား နိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations သို့ သွားရောက်၍ Rosatom State Corporations၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev (အလက်စီလီခါ ချော့ဖ်) ဦးဆောင်သည့်

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား - အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Rosatom State Corporations ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့ နားလည်မှုစာချွန်လွှာ အတည်ပြုလက်မှတ်ရေးထိုးစဉ်။

*စာမျက်နှာ ၈ မှ*

အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နျူကလီးယား စွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန် ကဏ္ဍများတွင် အသုံးပြု ဆောင်ရွက်နိုင်မည့် အခြေအနေများကို လည်းကောင်း။

### အမြင်ချင်းဖလှယ် ဆွေးနွေး

ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation "Roscosmos" သို့ သွားရောက်၍ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာ အာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr.Dmitry Rogozin (ဒီမီတရီရာဂိုဇင်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လည်းကောင်း တစ်ဖွဲ့ချင်းစီအလိုက် သီးခြားစီ တွေ့ဆုံ၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ၊ Rosatom State Corporations ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်၊ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာ အာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos"၏ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

### လက်မှတ်ရေးထိုး

ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာ တစ်ရပ်ကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သံရုံး၊ စစ်သံရုံး မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြသည်။ ထို့နောက် သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုနှင့်တစ်ခု ဆက်ဆံဆောင်ရွက်ရာတွင် သံတမန်ဆက်ဆံရေးသည် အရေးကြီးပြီး စစ်ဘက်၊ နယ်ဘက်ဆက်ဆံရေး ကောင်းမွန်စေရန် အကောင်အထည်ဖော်ပေးကြရသူများ ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အဆက် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ကောင်းမွန်သည့် ဆက်ဆံရေးများ ရှိခဲ့ကြောင်း၊ သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေကြရသူများသည် ရေခြား၊ မြေခြားတွင် နိုင်ငံတော်၏ တာဝန်များကို လာရောက်ထမ်းဆောင်နေကြရသူများ ဖြစ်သဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်မည့် ရုရှားနိုင်ငံသားများကိုလည်း အဆင်ပြေချောမွေ့စေရေး ချိတ်ဆက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကာ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ သံအမတ်ကြီး ဦးလွင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

### လေ့လာကြည့်ရှု

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း မော်စကိုမြို့ရှိ ရင်ပြင်နီ၊ Zaryadye ပန်းခြံ၊ Paryashchiy တံတားနှင့် VDNKh ပန်းခြံတို့သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

### တွေ့ဆုံဆွေးနွေး

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညပိုင်းတွင် မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev (အလက်ဇန်းဒါး မိခေးယက်ဖ်) ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာခဲ့သည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြစ်အတွင်း သင်္ဘောဖြင့် လှည့်လည်ကြည့်ရှု၍ မော်စကိုမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr.Dmitry Rogozin ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၂-နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ မိုး/ဇလ

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အထူးစည်ကားလျက်ရှိ



**ရန်ကုန် ဇူလိုင် ၁၂**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး ဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည် ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်း ဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ရွှေကြာသင်္ကန်းလှည့်လည်ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရင်ပြင်တော်တစ်ပတ်လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင်အထက် ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားနှင့် အာရုံခံတန်ဆောင်းမုခ် ၄ မုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (ဓမ္မစကြာအခါတော်နေ့) ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ညှော့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ ဦးသိန်းထွဋ်မောင်က အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယတိပိဋကရေစမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ဂေါပကရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်အရှင်မြတ်တို့ ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ရွှေကြာသင်္ကန်းတော်များ ကိုင်ဆောင်လျက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်၊ ဆူးလေစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့များက ကြီးမှူး၍ ဝါဆိုလပြည့် (ဓမ္မစကြာ အခါတော်နေ့) အခမ်းအနားများကို ကျင်းပကြကြောင်း သိရှိရသည်။

**သတင်း - ကိုကိုဇော်(MNA)**
**ဓာတ်ပုံ - ဇော်ဇော်လတ်**
**သတင်းစဉ်**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပွဲနှင့် ပဌာန်းသိမ်းအောင်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၄) ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း တော်ကပ်လှူပွဲနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ် အတွင်း အရှေ့အရပ်ရှိ မဟာမဏိ မယဂေါတမ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အား လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက တောင်အရပ်ရှိ မဟာမဏိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အား လည်းကောင်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အနောက်ရပ်ရှိ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အား လည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက မြောက်အရပ်ရှိ မဟာမဏိမယကဿပ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်မြတ်အား လည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးက စေတီတော် ရင်ပြင် အရှေ့မြောက်ထောင့်အရပ်ရှိ မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားအားလည်းကောင်း ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူကြပြီး ရုပ်ပွားတော်များအား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေများ ဆပ်ကပ်ပူဇော်ကြသည်။

ယင်းနောက်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်နှင့် ဂုဏ်တော်များကို ရွတ်ပွားပူဇော်ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်ကြသူများသည် ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာ အရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်၌ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်ကား



**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့သည် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲ အခမ်းအနား ကျင်းပခဲ့ပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**

အလားတူနေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနီယ လေးဌာန၊ မဟာသကျရံသီ ရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး စသည့်ဘုရားများ တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကား လျက်ရှိသည်။

ထို့အတူ ယနေ့နံနက်ပိုင်းမှ စတင်ပြီး နေပြည် တော်ရှိ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်အပါအဝင် ဘုရား၊ ပုထိုး၊ စေတီများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများ တွင် ဘုရားဖူးများ လာရောက်ပြီး ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရား ဘာဝနာပွားများခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်နှင့်အညီ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာ တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆို သင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ တရား ဘာဝနာပွားများ ကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဂေါတမဘုရားလောင်း ပဋိသန္ဓေ တည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား စတင် ဟောကြားသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုး ပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံ တော်မူသောနေ့၊တရားရတနာစတင်ပေါ်ပေါက်သော နေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊ ပုထု ဇဉ် ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့် ကြုံသောနေ့၊ “ဧဟိဘိက္ခု” ဟူသော စကားကို စတင်ကြားရသောနေ့ စသည်တို့ဖြင့် ထူးခြားသည့် နေ့တစ်နေ့ဖြစ်သည်။

**သတင်းစဉ်**

# မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သော အောင်မြေသာဇံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်း တရားကြီး တည်ထားတော်မူခဲ့သော မန္တလေးတိုင်း ဒေသကြီး အောင်မြေသာဇံမြို့နယ်ရှိ မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရား စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော် နှင့် ငှက်မြတ်နားတော်ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသဝ အမှူးပြုသော သံဃာတော်များ ကြွရောက် တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့် တော်မူသည့် ပရိတ်တရားတော်များကို နာယူကြ သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများထံ စိန်ဖူးတော်၊ ငှက်မြတ်နား တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး တိုင်းသံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ် တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များ၊ တက်ရောက်လာကြ သူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်လျက် စေတီတော်မြတ်ကြီးအား လက်ယာ ရစ်လှည့်လည်ပူဇော်၍ အမွှေးနံ့သာရည်များဖြင့် ပျက်ဖျန်းပူဇော်ကြကာ မင်္ဂလာရထားပျံဖြင့် စေတီ တော် အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင် သူမြတ်တို့က မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓ ဘိသိက်သွန်းလောင်း တော်မူကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင် များက ဆရာတော်သံဃာတော်အရှင်သူမြတ်များ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ ကြွရောက် လာသော ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီများနှင့် အထင်ကရနေရာများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကား

**မန္တလေး ဇူလိုင် ၁၂**

ဝါဆိုလပြည့်ဓမ္မစကြာအခါတော် နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့ တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့ တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းနှင့် လာ ရောက် ဖူးမြော်ကြည်ညိုခြင်း၊ ရပ်ကွက်၊ လမ်းများ၌ ဓမ္မစကြာ တရားတော်များကို ရွတ်ဖတ် ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆို ပန်းများ ကပ်လှူပူဇော်ခြင်း တို့ဖြင့် စည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတ ဒါန ဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင် ရသည်။



အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ထို့ပြင် မြို့၊ ရွာအနှံ့ ရပ်ကွက် အသီးသီးရှိ ဓမ္မာရုံများတွင် ဝါဆို သင်္ကန်း၊ ဆွမ်းခဲဖွယ် ဘောဇဉ် များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃာ တော်များက သီလပေးတရား တော်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့် တော်မူခြင်း စသည့်တရားဓမ္မသံ များဖြင့်လည်း ထုံမွှမ်းလျက်ရှိ သည်။

မန္တလေးမြို့၏ အထင်ကရ ဖြစ်သော မဟာမုနိရုပ်ရှင်တော် မြတ်ကြီးသို့လည်း အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူ အပေါင်းတို့က လာရောက်၍ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင်ငါးလွှတ်ခြင်း၊ အစာ ကျွေးခြင်းများအပြင် ဥပုသ် သီတင်းသီလ ဆောက်တည်၍ တရားဘာဝနာ အားထုတ်သူများ၊ ဘာသာရေးလူမှုရေးဝတ်အသင်း အဖွဲ့များက ဓမ္မစကြာဝတ်ရွတ် ပူဇော်ခြင်းတို့ဖြင့် အဖွဲ့လိုက်၊ မိသားစုလိုက် အေးချမ်းပျော်ရွှင် စွာ ကုသိုလ်ကောင်းမှုပြုလုပ်ကြ သည်။

အလားတူ အရှေ့ပြင်လုံး ဆိုင်ရာ မဟာလောက ရန်နိုင်မိ အောင်တော်မူ ဆုတောင်းပြည့် ဘုရား၊ ချမ်းသာကြီးချမ်းသာရ ဘုရား၊ စန္ဒာမုနိကုသိုလ်တော် ဘုရား၊ မန္တလေးတောင်တော် အတုမရှိ ရွှေကျောင်းတော်ကြီး၊ ဆုတောင်းပြည့် ဆုတောင်းရ ဘုရား၊ ဘုရားနီ၊ တဝဂူဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ် စေတီတော်၊ နန်းမြို့ဆုတောင်း ပြည့်ဘုရား၊ ဝေဠုဝနကျောက် စိမ်းစေတီတော် အပါအဝင် ဘုရား၊ စေတီတော်များ၌ အနယ် နယ်အရပ်ရပ်နှင့် မန္တလေးမြို့ပေါ် မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များက စတုဒိသာ ကျွေးမွေးလှူဒါန်း ဒါနပြုကြ သည်။

မန္တလေးမြို့၏ အထင်ကရ နေရာများဖြစ်သော ကမ်းနားလမ်း ရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီး မြို့နယ်အတွင်းရှိ အပန်းဖြေစခန်း များ၊ အမရပူရမြို့နယ်ရှိ ဦးပိန် တံတား တောင်သမန်အင်းတို့သို့ လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူသူ များဖြင့် စည်ကားလျက်ရှိသည်။

**မောင်အေးချမ်း**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၆၆၅ |
| 95 Ron | ၁၉၃၀ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၇၅ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၇၀ | ၁၉၈၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၃၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၆၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၆၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၄ | ၁၈၃၃ |
| 95 Ron | ၁၈၃၄ | ၁၉၀၄ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၆၆ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၂၂ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Asean+ Police Music Festival သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ သွားရောက်ဖျော်ဖြေ

နေပြည်တော် ဇူလိုင် ၁၂

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ကျင်းပပြုလုပ်သော Asean+ Police Music Festival သို့ သွားရောက်ဖျော်ဖြေရန် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦးသည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ရာ ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။




ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးအဖွဲ့သည် ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ Outdoor Concert တွင် ဖျော်ဖြေမည့် Rice Drums နှင့် People's Public Security March သီချင်း နှစ်ပုဒ်အား စုပေါင်းတီးမှုတ် လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ဟန္တိုင်းမြို့ Thang Long Opera Hotel ၌ တက်ရောက်လာသော နိုင်ငံအသီးသီးမှ ရဲတီးဝိုင်း တာဝန်ခံကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် Ly Thai To ရင်ပြင်၌ ဖွင့်ပွဲအခမ်းအနားနှင့် လမ်းလျှောက်ချီတက် ဖျော်ဖြေမှု အစမ်းလေ့ကျင့်ခြင်းအား တက်ရောက်လာသော နိုင်ငံများအလိုက် လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ King Ly Thai To ရုပ်တုရှေ့တွင် ကျင်းပပြုလုပ်သော Asean+ Police Music Festival ဖွင့်ပွဲအခမ်းအနားနှင့် ဗီယက်နမ်နိုင်ငံပြည်သူ့ရဲတပ်ဖွဲ့၏ နှစ်(၆၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ အိမ်ရှင်ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဂျပန်တို့မှ ရဲတပ်ဖွဲ့တီးဝိုင်းများနှင့်အတူ တက်ရောက်ခဲ့ပြီး Mini Concert ဖျော်ဖြေခြင်း၊ Hoan Kiem Lake (ဟုမ်းကီယမ်ရေကန်) ပတ်လမ်းတစ်လျှောက်ရှိ ပြည်သူလူထုအား ချီတက်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဟန္တိုင်းမြို့ မီလီယာ ဟန္တိုင်းဟိုတယ်၌ ဗီယက်နမ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက တည်ခင်းဧည့်ခံကျွေးမွေးသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပါဝင်သည့် နိုင်ငံများမှ ဖျော်ဖြေရေးအဖွဲ့ဝင်များ အချင်းချင်း လက်ဆောင်ပစ္စည်းပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် ဟန္တိုင်းမြို့ King Ly Thai To ရင်ပြင်၌ Outdoor Concert အစမ်းလေ့ကျင့်တီးမှုတ်ခြင်းနှင့် ၎င်းနေ့ ည ၈ နာရီတွင် Outdoor Concert ဖျော်ဖြေပွဲအခမ်းအနားအား တက်ရောက်လာသည့်နိုင်ငံများမှ အလှည့်ကျတီးမှုတ်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဖျော်ဖြေပွဲသို့ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ Mrs. Dang Thi Ngoc Thinh၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် To Lam နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ချီးမြှင့်ခဲ့ပြီး ဗီယက်နမ်ပြည်သူလူထုတို့ကလည်း အားပေးကြည့်ရှုခဲ့ကြသည်။

ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦးသည် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန် ည ၇ နာရီ ၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါဖျော်ဖြေရေးတပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာချိန်နှင့် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီးမှ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်အေး၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် တာဝန်ရှိသူရဲအရာရှိကြီးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းနှင့် ပြန်လည်ကြိုဆိုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၂

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၇ ဒသမ ၆၄ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၃၅ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ လှည်းကူးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကျိုက်လတ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၁၂ လက်မနှင့် ဝါးခယ်မမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# သီရိလင်္ကာနိုင်ငံ၌ သမ္မတသစ်ကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ဇူလိုင် ၂၀ ရက်တွင် မဲပေးရွေးချယ်မည်ဟုဆို

ကိုလံဘို ဇူလိုင် ၁၂

**သီရိလင်္ကာနိုင်ငံရှိ နိုင်ငံရေးပါတီခေါင်းဆောင်များသည် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ဇူလိုင် ၂၀ ရက်တွင် သမ္မတသစ်ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဇူလိုင် ၁၁ ရက်တွင် ပြောသည်။ လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ မာဟင်ဒါ အဘေဝါဒီနာသည် နိုင်ငံရေးပါတီအားလုံးနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ပြီးနောက် ဇူလိုင် ၁၅ ရက်တွင် လွှတ်တော်အစည်းအဝေးကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။**



သီရိလင်္ကာနိုင်ငံ၌ စီးပွားရေးပျက်ကပ်ဆိုက်ပြီးနောက် အစိုးရဆန့်ကျင် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

လစ်လပ်လျက်ရှိသော သမ္မတရာထူးအတွက် အမည်စာရင်းတင်သွင်းခြင်းကို ဇူလိုင် ၁၉ ရက်တွင် ခေါ်ယူမည်ဖြစ်ပြီး သမ္မတသစ်ကို ဇူလိုင် ၂၀ ရက်တွင် မဲပေးရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ပါတီခေါင်းဆောင်များသည် သမ္မတသစ်လက်ထက်၌ ပါတီအားလုံးပါ အစိုးရတစ်ရပ် ဖွဲ့စည်းရန်လည်း ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

သမ္မတ ဂိုတာဘာယာ ရာဂျာပက္ခဆာသည် သီရိလင်္ကာနိုင်ငံ၌ စီးပွားရေးပျက်ကပ်ဆိုက်မှုနှင့် နိုင်ငံရေး မတည်ငြိမ်မှုများအကြား ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပေါ်ပြီးနောက် ဇူလိုင် ၁၃ ရက်တွင် သမ္မတရာထူးမှ ဖယ်ရှားပေးမည်ဖြစ်ကြောင်း စနေနေ့တွင် ပြောကြားထားသည်။

ဆင်ဟွာ

# အာဘေးစျာပနသို့ လူပေါင်း ၁၀၀၀ ခန့် တက်ရောက်ဂါရဝပြု

**တိုကျို ဇူလိုင် ၁၂**

လူပေါင်း ၁၀၀၀ ခန့်သည် ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သော ဝန်ကြီးချုပ်ဟောင်း ရှင်ဇို အာဘေးစျာပနသို့ တက်ရောက်ဂါရဝပြုခဲ့ကြောင်း အဓိကအာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ အရာရှိများက ပြောကြားခဲ့သည်။

၎င်းတို့အနက် လူပေါင်း ၂၀၀ ခန့်သည် တိုကျို ဗုဒ္ဓဘုရားကျောင်းအတွင်း ကျင်းပသော စျာပနပွဲတော်သို့ တက်ရောက်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယို၊ ယခင်ဝန်ကြီးချုပ်ဟောင်း မော်ရီယိုရှီယိုနှင့် ဂျပန်စီးပွားရေးအဖွဲ့ ဥက္ကဋ္ဌ တိုကူရာမာဆာကာဇူတို့လည်း တက်ရောက်ကြသည်။

အာဘေးသည် ဂျပန်နိုင်ငံ၏ နိုင်ငံတကာပုံရိပ်ကို မြှင့်တင်ခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံစစ်လွန်ကာလများတွင် အကြီးမြတ်ဆုံး နိုင်ငံရေးသမားတစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြောင်း လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ အေဆိုတာရိုက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဒုတိယအကြိမ် အပူလှိုင်းဖြတ်မှုနှင့် စပိန်နိုင်ငံ ရင်ဆိုင်နေရ

**မက်ဒရစ် ဇူလိုင် ၁၂**

စပိန်နိုင်ငံသည် ဒုတိယအကြိမ် အပူလှိုင်းဖြတ်မှုနှင့် ရင်ဆိုင်နေရပြီး အပူချိန်ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။ မြောက်ဘက်ကမ်းရိုးတန်းရှိ အက်စ်တောရီးယပ်စ်၊ ကန်တာဘရီယာနှင့် အရှေ့တောင်ဘက်ရှိ မူစီယာဒေသတို့မှအပ စပိန်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၇ ခုတွင် အပူချိန်မြင့်တက်လာနိုင်ကြောင်း စပိန်နိုင်ငံ မိုးလေဝသ အေဂျင်စီက ဇူလိုင် ၁၁ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

ထို့အပြင် အန်ဒါလူစီယာ၊ အေရာဂွန်၊ ကက်စတီလီ လီယွန်၊ ကက်စတီလီလာ မန်ချာနှင့် မက်ဒရစ်တို့တွင် အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်အထိ ရှိလာနိုင်သောကြောင့် လိမ္မော်ရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။ အဆိုပါ အပူလှိုင်းဖြတ်မှုသည် ကိုးရက်ခန့်ကြာမြင့်နိုင်ဖွယ်ရှိပြီး အင်္ဂါနေ့နှင့် ကြာသပတေးနေ့ကြားတွင် အဆိုးရွားဆုံး အပူချိန်မြင့်တက်မှုနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ကော်ဒိုဘာ၊ ဆီဗီလာ၊ ဂျီးန်နှင့် ဘာဒါဂျော့ဇ်တို့ကဲ့သို့သော တောင်ပိုင်းမြို့များတွင် ၄၄ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ကြောင်း သိရသည်။

စပိန်နိုင်ငံ၌ ပထမဆုံးအကြိမ် အပူလှိုင်းဖြတ်မှုသည် ဇွန်လတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။



အပူဒဏ်ကာကွယ်ရန် အရိပ်ရအပင်အောက်၌ ပြည်သူများ အနားယူနေကြစဉ်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံ၌ မျိုးရိုးဗီဇပြောင်း အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 ကူးစက်မှုတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၁၂**

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးရိုးဗီဇပြောင်းမျိုးကွဲနှစ်မျိုးဖြစ်သည့် BA.4 နှင့် BA.5 ကူးစက်မှုတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဇူလိုင် ၁၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 သည် အိုမီခရွန်နှင့် အခြားသော ဗီဇပြောင်းဗိုင်းရပ်စ်များထက် ကူးစက်မှုပိုမြန်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 သည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် တုပ်ကွေးဖြစ်ပွားခြင်းကဲ့သို့ အခြားသော ဗီဇပြောင်းအိုမီခရွန်မျိုးကွဲများ၏ လက္ခဏာနှင့် ဆင်တူကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အဆိုပါထုတ်ပြန်ချက်၌ BA.4 နှင့် BA.5 ကူးစက်မှုအရေအတွက်နှင့် နိုင်ငံအတွင်း တွေ့ရှိသည့်နေရာကို ဖော်ပြထားခြင်းမရှိပေ။




ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ခရီးသွားဧည့်သည် ၂၀၅၅၂၉ ဦး ဖီဂျီနိုင်ငံသို့ လာရောက်လည်ပတ်

❖ ယခုနှစ် ပထမခြောက်လတွင် နိုင်ငံခြား ခရီးသွားဧည့်သည် ၂၀၅၅၂၉ ဦး ဖီဂျီနိုင်ငံသို့ လာရောက်လည်ပတ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က အလားတူကာလကထက် ၅၀ ရာခိုင်နှုန်းကျော် လာရောက်လည်ပတ်ကြောင်း သိရသည်။ ဖီဂျီစာရင်းအင်းဗျူရိုအရ ဖီဂျီနိုင်ငံသို့ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု မြင့်တက်လျက်ရှိပြီး ဇွန်လတစ်လတည်းတွင် ခရီးသွားဧည့်သည် ၆၂၁၃၀ ရှိကြောင်း သိရသည်။ ဖီဂျီအစိုးရသည် ၂၀၂၂ ခုနှစ်တွင် ခရီးသွားဧည့်သည် ၄၄၇၀၀၀ လာရောက်လည်ပတ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

### အာဖဂန်နစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် ၂၆ ဦး ထက်မနည်းသေဆုံး

❖ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇ်ဂန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသောကြောင့် ၂၆ ဦး ထက်မနည်းသေဆုံးကြောင်း ဇူလိုင် ၁၂ ရက်က ဒေသတွင်း ရုပ်မြင်သံကြားလိုင်းတစ်ခုတွင် ဖော်ပြခဲ့ကြောင်း သိရသည်။ ထို့အပြင် အိမ်များ၊ ဈေးဆိုင်များနှင့် လယ်ယာမြေများ ရေကြီးမှုကြောင့် မျောပါခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း ရွာသားများ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

### အီရန်နိုင်ငံ၌ ဘတ်စ်ကားတစ်စီးတိမ်းမှောက်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

❖ အီရန်နိုင်ငံ မြောက်ပိုင်းရှိ အဝေးပြေးလမ်းမပေါ်တွင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားသောကြောင့် သုံးဦးထက်မနည်းသေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၁၂ ရက်တွင် အီရန်ကျောင်းသားများ သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါဘတ်စ်ကားသည် အနောက်မြောက်ပိုင်း နယ်စပ်မြို့ဖြစ်သည့် ဘာဇာဂန်မှ မြို့တော်တီဟီရန်သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။ ဘတ်စ်ကားတိမ်းမှောက်မှု ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ ယာဉ်မောင်းသူ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အိပ်ငိုက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

### တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၃၆၀ ထပ်မံတွေ့ရှိ

❖ တောင်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၁၁ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၃၆၀ ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၁၂ ရက်တွင် ပြောသည်။ အဆိုပါ ကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှု ၁၂၆၉၃ ဦးမှ တိုးလာခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကူးစက်ခံရသူများအနက် ၂၆၀ သည် ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန်ကူးစက်မှုအရေအတွက်သည် ၃၇၆၁၅ ဦးအထိ ရှိလာပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရသည်။

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအပါအဝင် လေးသင်းယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်းသည် ဩဂုတ်လဆန်းပိုင်းတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်း ကစားသမားများ။

ယင်းပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ အိမ်ရှင်ဗီယက်နမ်အပါအဝင် မြန်မာ၊ အာရှထိပ်သီးအသင်းများဖြစ်သော ဂျပန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည် စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအတွက်အတွေ့အကြုံကောင်းများ ရရှိမည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာအသင်းသည် ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းများအနက် ဗီယက်နမ်အသင်းနှင့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး ဆော်ဒီအာရေဗျအသင်းနှင့် လာမည့် အာရှဖလားခြေစစ်ပွဲတွင် တွေ့ဆုံနေသည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် ဗီယက်နမ်အသင်း ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမား အနည်းငယ်သာ အပြောင်းအလဲ ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ရလဒ်မကောင်းဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိနေပြီဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ဩဂုတ်လ၌ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲဖြစ်သော MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ စက်တင်ဘာတွင် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ကာလရှည်လေ့ကျင့်ပြင်ဆင်သွားမည့်အသင်းဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများ စဉ်ဆက်မပြတ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း မလေးရှားနှင့် အုပ်စုပထမပွဲကစားရမည်

**ရန်ကုန် ဇူလိုင် ၁၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် အုပ်စုပထမပွဲကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစား**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈/ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပပြီးနောက်ပိုင်း နောက်ပိုင်းနှစ်များတွင် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှ ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင်မူ ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို အာရှဖလား အမျိုးသမီးလူငယ်ခြေစစ်ပွဲများနှင့် အသက်ကန့်သတ်ချက် အချိတ်အဆက်ရှိစေရန် ကျင်းပမည်ဖြစ်သောကြောင့် ယူ-၁၈ နှင့် ယူ-၁၉ အဖြစ် အလျဉ်းသင့်သလို ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် မြန်မာ၊ ဩစတြေးလျ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၂၉ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ပေါင်းစပ်ဖွဲ့စည်း**

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဧပြီလကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ယခင် ယူ-၁၆ လက်ရွေးစင်အသင်းမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ပြိုင်ပွဲများမှ အလားအလာရှိသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့မှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘော်လီဘောအားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ နေပြည်တော် ကောင်စီနယ်မြေအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရသည်။

နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရပြီး နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး) ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိသည်။



အဆိုပါ နှစ်ယောက်တွဲအဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံတွင် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု နိုင်ကြောင်း သိရသည်။

**အားကာမောင်**

● *ကျောဖုံးမှ*

ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇူလိုင် ၁၁ ရက် ပွဲစဉ်များအပြီးတွင် သုံးပွဲစလုံး အနိုင်ရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသွားပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနှင့် ဗီယက်နမ် ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ဖြစ်နေပြီး ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ပွဲမှာမူ ဂုဏ်သိက္ခာပိုင်းအတွက်သာ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းထက် ဂိုးကွာခြားချက်နည်းနေသဖြင့် အနိုင်ရမှသာ အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်ပြီး သရေကျပါက ဗီယက်နမ်အသင်းက အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။

တစ်ဖက်အုပ်စုတွင် ထိုင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့က ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်ရာ မြန်မာအသင်းအနေဖြင့် မည်သည့်အသင်းနှင့် တွေ့ဆုံစေကာမူ ပွဲကျပ်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အာဆီယံ ထိပ်သီးအသင်းများဖြစ်သည့် ဗီယက်နမ်၊ ထိုင်းတို့နှင့် တွေ့ဆုံရာတွင် ရလဒ်မကောင်းဘဲ အမြင့်ဆုံး သရေရလဒ်သာ ရယူထားနိုင်ပြီး ယခုတွေ့ဆုံမှုတွင် အစဉ်အလာဆိုးများကို ချေဖျက်နိုင်ခြင်းရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စု (က) ပွဲစဉ်များ ဇူလိုင် ၁၂ ရက်က ကျင်းပပြီးစီးသွားပြီး ထိုင်းအသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ၁၂ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ဩစတြေးလျ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ထို့ကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တက်ရောက်ထားပြီး အုပ်စု (ခ) ပွဲစဉ်များပြီးဆုံးမှသာ တွေ့ဆုံမည့် အသင်းများ ထွက်ပေါ်မည် ဖြစ်သည်။

**ရဲရင့်လွင်၊ဓာတ်ပုံ-MFF**

## ဇူလိုင် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိ

(၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၃၀,၉၁၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၃,၇၆၀) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၈၂၉) ခု | (၅) ဦး |
| စုစုပေါင်း | (၄,၅၇၁) ခု | (၉) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေငါးစီးဖြင့် Mask ၃၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၈၄၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၈၆၀၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အေးချမ်းသာရပ်ကွက်နေသူများဖြစ်သည့် အိအိဖူး၊ မင်းမင်းချိုနှင့် ကန်ကြီးရပ်ကွက်နေ သဇင်ဝင်းနီတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် "Ei Ei Phoo" Facebook အကောင့်၊ "Min Min Cho" Facebook အကောင့်နှင့် "Thazin Win Ni" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေ ကျော်ဇေယျာခန့်(ခ) ဖိုးကျော်သည် ၎င်းအသုံးပြုသည့် "Phoe Kyaw" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ အနောက်ဘက်ရပ်ကွက်နေ ဇော်ဝင်းသည် ၎င်းအသုံးပြုသည့် "Zaw Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ တင်ဝင်းအောင်သည် ၎င်းအသုံးပြုသည့် "Tin Win Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာအရေးယူသွားမည်**

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တဲကြီးကျေးရွာရှိ "စိတ္တသုခ"ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးကုသလအား PDF အမည်ခံ အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက် ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် ဇူလိုင် ၁၁ ရက် ည ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တဲကြီးကျေးရွာရှိ "စိတ္တသုခ"ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးကုသလ သက်တော်(၅၅)နှစ်၊ ဝါတော်(၃၅) သည် ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် PDF အမည်ခံ အကြမ်းဖက်သမားလေးဦးက ကျောင်းဝင်းအတွင်းသို့ ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဆရာတော် ဦးကုသလအား "ဒလန်" ဟု စွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဆရာတော်၏ လည်ပင်း၌ ကျည်ထိမှန်ဒဏ်ရာတစ်ချက် ရရှိကာ ပျံလွန်တော်မူခဲ့သည်။

အကြမ်းဖက်သမားများ ၏ အကြောင်းမဲ့ အကြမ်းဖက် သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၁ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ သံဃာတော်အား ဘုန်းကြီးကျောင်းအတွင်း ဝင်ရောက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမား၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့သည့် ဆရာတော် ဦးကုသလ။

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှငွေကျပ်သိန်း ၄၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်ကို အကြမ်းဖက်သမားလေးဦးက သေနတ်ဖြင့်ပစ်ခတ်ကာ လုယက်ယူဆောင်ခဲ့သဖြင့် ငွေထုတ်ပြန်လာသူ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဇူလိုင် ၁၁ ရက်က ဘဏ်မှငွေကျပ်သိန်း ၄၈၀၀ ထုတ်ယူလာသည့်မော်တော်ယာဉ်ကို အကြမ်းဖက်သမား လေးဦးက သေနတ်ဖြင့် ပစ်ခတ်ကာ လုယက်ယူဆောင်ခဲ့သဖြင့် ငွေထုတ်ပြန်လာသူများအနက် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် မနော်ဟရီလမ်းနှင့် ၅၀ လမ်းထောင့်နေ ဦးအောင်ကျော်ဦး (၆၁)နှစ်သည် မိသားစုဝင်ခုနစ်ဦးနှင့်အတူ ၎င်းပိုင် MDY 9Q-6272 SUZUKI Ertiga အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ "MAB မြန်မာ့ရှေ့ဆောင်" ဘဏ်မှ ငွေကျပ်သိန်း ၄၀၀၀ နှင့် ၆၂ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ CB ဘဏ်တို့မှ ငွေကျပ်သိန်း ၈၀၀ တို့ကို သွားရောက်ထုတ်ယူပြီး နေအိမ်သို့ ပြန်လာစဉ် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နေအိမ်ရှေ့အရောက်၌ ၎င်းတို့၏ အနောက်မှ လိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးက အရှေ့မှပိတ်ရပ်ကာ အဆိုပါယာဉ်ပေါ်မှ အကြမ်းဖက်သမား အမျိုးသားလေးဦးက ဦးအောင်ကျော်ဦးတို့ စီးနင်းလာသည့် မော်တော်ယာဉ် မောင်းနှင်လာသည့် ၎င်း၏သမီးဖြစ်သူ မခင်ရတနာအောင် (၂၀) နှစ်ကို သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ကာ ယာဉ်ပေါ်ပါသူများကို ယာဉ်ပေါ်မှ ဆွဲချ၍ Ertiga မော်တော်ယာဉ်နှင့် ယာဉ်ပေါ် တင်ဆောင်လာသည့် ငွေကျပ်သိန်း ၄၈၀၀ လုယူထွက်ပြေးသွားခဲ့သဖြင့် မခင်ရတနာအောင်တွင် ဝဲချိုင်းအောက်ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ဆေးကုသမှု ခံယူနေစဉ် ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။



မခင်ရတနာအောင် (သေဆုံး)နှင့် ၎င်းတို့ စီးနင်းခဲ့သည့် မော်တော်ယာဉ်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှု ကျူးလွန်ခဲ့သူများကို ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ MDY 9Q-6272 SUZUKI Ertiga မော်တော်ယာဉ်ကို လမ်း ၅၀ နှင့် ၁၀၇ လမ်းထောင့်၌ ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် ယာဉ်အတွင်းစစ်ဆေးရှာဖွေခဲ့ရာ ယာဉ်အတွင်းမှ ပလတ်စတစ်အိတ်အနက်ရောင်ဖြင့် ထုပ်ထားသည့် ငွေကျပ်သိန်း ၈၀၀ ခန့် ပြန်လည်တွေ့ရှိ သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအနီး မုံရွာ-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၇၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြား၌ ခရီးသည်တင်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ "ရွှေသလ္လာ" ခရီးသည်တင်ယာဉ်သည် မုံရွာမြို့မှ ခရီးသည် ၁၂ ဦး တင်ဆောင်ကာ မန္တလေးမြို့သို့ မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းလေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ ရှေ့၊ နောက်၊ ဘေးလေကာမှန်များနှင့် ဘီးလေးလုံးစလုံးကွဲကာ ယာဉ်မောင်း ကိုအောင်မိုးဟိန်း၊ အကူယာဉ်မောင်း ဦးလှဝင်းမောင်၊ ယာဉ်နောက်လိုက် ကိုရန်အောင်ထွန်းနှင့် ယာဉ်ပေါ်လိုက်ပါ စီးနင်းလာသည့် ခရီးသည်ကိုးဦးတို့တွင် ပေါက်ကွဲစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ အဆိုပါ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများကို လူမှုကူညီရေးယာဉ် ခုနစ်စီးဖြင့် တင်ဆောင်ကာ မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် အခင်းဖြစ်စဉ်နေရာနှင့် တစ်ဖာလုံခန့်အကွာသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ထပ်မံ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူထိခိုက်မှုမရှိသော်လည်း လူမှုကူညီရေးယာဉ် တစ်စီး၏ အနောက်လေကာ မှန်တစ်ချပ်ကွဲအက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထို့ကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းမကြီးပေါ်၌ သွားလာနေသည့် ခရီးသည်တင်မော်တော်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များကို လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ဦးဝင်းစိန်(ဒဏ်ရာရ)


ငြိမ်းတိုးအောင်(ဒဏ်ရာရ)


အောင်မိုးဟိန်း(ဒဏ်ရာရ)


ဦးကျန်အောင်(ဒဏ်ရာရ)


လှဝင်းမောင်(ဒဏ်ရာရ)


ငြိမ်းမိုးအောင်(ဒဏ်ရာရ)


မနန်းကေသီဝင်း(ဒဏ်ရာရ)


မဖြိုးသန္တာကျော်(ဒဏ်ရာရ)


မငြိမ်းငြိမ်းအိ(ဒဏ်ရာရ)


မစန္ဒာဇူဇင်မောင်(ဒဏ်ရာရ)


ရန်အောင်ထွန်း(ဒဏ်ရာရ)


ဦးဖိုးထီ(ဒဏ်ရာရ)

**ခရီးသည်တင်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများ။**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်များ၊ ကျောက်စိမ်းအရိုင်းတုံးနှင့်ကျောက်အချောထည်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မြဝတီ လမ်းမကြီး မိုင်တိုင်အမှတ် (၉၇/၇)မိုင်၊ ရှောင်ကွင်းလမ်းထိပ်တွင် Subaru (TT1) အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ နောက်တွဲယာဉ်(Semi–Trailer) တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စံလောင်းကျွေးရွာအနီး ရှောင်ကွင်းတစ်နေရာတွင် ကင်းလှည့်စစ်ဆေးစဉ် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်များနှင့် ကျောက်ဖြင့် ပြုလုပ်ထားသော အချောထည်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN AD VAN အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း လိုင်စင်မဲ့ Dyna အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၂၉၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၂၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၈၆၂၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဂျူဗင်တပ်စ်အသင်းနှင့်အတူ ဆုဖလားများဆွတ်ခူးရန် မစောင့်နိုင်တော့ကြောင်း ပေါ့ဂ်ဘာပြော



ပေါလ်ပေါ့ဂ်ဘာသည် အိုးထရက်ဖို့ဒ်၌ စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် လေးနှစ်စာချုပ်ဖြင့် အသင်းဟောင်း ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ ပေါ့ဂ်ဘာသည် ၂၀၁၆ ခုနှစ်တွင် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ဂျူဗင်တပ်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

၎င်းသည် မန်ယူအသင်းတွင် ၂၀၁၈-၂၀၁၉ ခုနှစ်၌ ၄၇ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် သုံးရာသီတွင် ၉၁ ပွဲ ပါဝင်ကစားထားပြီး စုစုပေါင်းသွင်းဂိုး ရှစ်ဂိုးသာ ရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ၌ ပြီးခဲ့သည့် ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၄) နေရာဖြင့်သာ ပိတ်သိမ်းနိုင်ခဲ့သည်။ ထို့ပြင် ဂျူဗင်တပ်စ် အသင်းသည် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီကလည်း စီးရီးအေရာသီ ပိတ်သိမ်းချိန်၌ အဆင့် (၄) နေရာဖြင့်သာ ပိတ်သိမ်းနိုင်ခဲ့သည်။

ပေါ့ဂ်ဘာသည် ဂျူဗင်တပ်စ်အသင်း၌ နံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ကစားမည် ဖြစ်ကြောင်း သိရသည်။ ဂျူဗင်တပ်စ်အသင်းသို့ ပြန်လည် ပြောင်းရွှေ့ပြီးနောက် ပေါ့ဂ်ဘာက ဂျူဗင်တပ်စ်အသင်းနှင့်အတူ ဆုဖလားများဆွတ်ခူးရန် မစောင့်နိုင်တော့ကြောင်း ပြောသည်။

**အောင်ဇော်**

## ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေတက်လာပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ခုနစ်လုံး ကြိုတင်ပြောင်းရွှေ့

**ပန်းတနော် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ယနေ့ နံနက် ၁၀ နာရီက အထက်ကဇင်းတော ကျေးရွာရှိ လူနေအိမ်ခုနစ်လုံး ကြိုတင်ပြောင်းရွှေ့ခဲ့ရသည်။

ပန်းတနော် မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းနှင့်နီးသော အထက်ကဇင်းတောကျေးရွာရှိ နေအိမ်ခုနစ်လုံး အိမ်ထောင်စု ခုနစ်စု လူဦးရေ ၄၁ ဦးတို့ကို ကမ်းလွတ်ရာ ဖြစ်သော နီးစပ်သည့် ဆွေမျိုးသားချင်းနေအိမ်များ၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကမ်းလွတ်သည့် မြေကွက်ပေါ်သို့ နေအိမ်များ ပြန်လည် ဆောက်လုပ်နိုင်ရန် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေ ပြည်သူများက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# လေးစားဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာအစဉ်အလာ ဝါဆိုထမင်းစားပွဲတော်

---- မေတ္တာမိုးနှင်း(ပဲခူး) ----

**❍ စိတ်ဟူသည် လူသားတို့၏ အာဟာရဖြစ်သည်။ စိတ်၏တန်ခိုးကို မြှင့်တင်နိုင်ခြင်းသည်လည်း တန်ဖိုးကြီးမားသော ဓလေ့တစ်ခုဖြစ်သည်။ လူသားတို့သည် ယုံကြည်ချက်ဖြင့် စိတ်ကိုအသက်သွင်း ရှင်သန်ကြရသည်ဖြစ်သောကြောင့် ထိန်းသိမ်းသင့်သော ရိုးရာဓလေ့ကို မြတ်နိုးတွယ်တာကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။ စိတ်အာဟာရဖြင့် စည်းလုံး ညီညွတ်မှုကို သက်သေပြနိုင်သည်မှာလည်း အတု ယူဖွယ်ရာပင်ဖြစ်ပေသည်**

### ဝါဆိုလပြည့်

"သာစွလေ၊ မှိုင်းဝေညို့မြူ၊ ကောင်းကင်ဝဝယ်၊ လနှင့်အာသဠ်၊ ပြည့်ဝရန်လျက်၊ ယဉ်ထန်ရေရှူး၊ မိုးလေဦးနှင့်၊ ကြိုင်မြူးမြေက်၊ ပုန်းညက် သရဖီ၊ ပွင့်ချင်းညီ၍၊ ရာသီလှည့်ပတ်၊ ကရကဋ်ဟူ၊ နတ်လည်းစက်လို၊ လဝါဆိုကား မြင့်မိုမာဃ၊ ဒေဝိန္ဒသို့၊ မင်မျှော့သခင်၊ ဆင်စီရင်၍၊ ထမ်းစင်ယာဉ်သာ၊ ရွှေချက်ကာလျက်၊ ရတနာပေါင်းဖျင်၊ စီရင်ခင်းကျင်း၊ သိကြားမင်းသို့၊ တင့်ခြင်းဆောင်ရွက်၊ စံစေလျက်တည့်၊ ဘဝဂ်ထိန့်ကျော်၊ ပဋ္ဌင်းတော်ကို၊ ရွှေလှော်မွမ်းရုံ၊ ရွှေစည်းခုံဝယ်၊ သုံးဘုံဝင်မှ၊ လွတ်စေရသား ဂေါတမမုနိ၊ သီရိကြိမ်ကြိမ်၊ မြတ်သည့်သိမ်သို့၊ ငြိမ်ဆိမ်လည်းဝင်၊ သိက္ခာတင်သည်၊ ပဋ္ဌင်းတော်မြတ်ရဟန်းတည့်လေး" ဟူ၍ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီဘွဲ့ လူးတား၌ ဝါဆိုလဘွဲ့အား ဦးအောင်ကြီးမှ ရေးဖွဲ့ခဲ့သည်။

တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့ကား သန္ဓေတောထွက်၊ ဓမ္မစက်၊ တချက်ပြာဋိဟာဆိုသည့်အတိုင်း ဂေါတမမြတ်စွာဘုရားရှင်ပဋိသန္ဓေနေတော်မူခြင်း။ တောထွက်တော်မူခြင်း။ တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်း။ ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူခြင်းဟူသော ထူးခြားသည့် ဘာသာရေးမှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ဖြစ်သည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်သည်။ တရားရတနာ စတင်ပေါ်ပေါက်ရာနေ့ဖြစ်သည်။ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့ဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ အစဉ်အလာကြီးမားသော နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ ဘုရားရှင်သာသနာတော်တွင်ရှိသော ရဟန်းတို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ ကျောင်းအာရမ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်း မပြုပါဟူသော ပဋိညာဉ်ဖြင့်ဝါဆိုဝါကပ်မှုများကိုပြုကြသည်။

ထိုကဲ့သို့ ရဟန်းသံဃာတော်တို့သည် ဝါတွင်းသုံးလပတ်လုံး ငြိမ်သက်စွာ တရားအားထုတ်လျက်ရှိစဉ် လူတို့သည်လည်း ထိုဝါတွင်းသုံးလတွင် ရဟန်းတို့၏ သိက္ခာပုဒ်တော်များကို ကြည်ညိုခြင်းဖြစ်လျက် ရှစ်ရက်လပြည့်လကွယ်နေ့များတွင် သီတင်းသီလဆောက်တည်၍ သူတော်ကောင်းတရားပွားများ အားထုတ်ကြခြင်း၊ ကုသိုလ်ဒါနမှုများကို ပြုကြခြင်းဖြင့် ဝါကပ်သော ရဟန်းတို့အား ချမ်းမြေ့စေရန် ထောက်ပံ့ကြ၏။ ဤသို့ ရဟန်းရှင်လူတို့ သုံးလပတ်လုံး ဒါန၊ သီလ၊ ဘာဝနာ အစရှိသော သူတော်ကောင်းတရားများကို ငြိမ်သက်စွာ အားထုတ်ရန် အစပြုသော ဝါဆိုလပြည့်နေ့များတွင် လူတို့သည် ဝါကပ်ခြင်းအမှုကို ပြုကြကုန်သော ရဟန်းသံဃာတို့အား ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ကြကုန်သည်။ ဝါဆိုဝါကပ်ကို အစွဲပြု၍ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင် စသည့်ဝေါဟာရများ ပေါ်ပေါက်လာသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရမှ "ဓမ္မစကြာအခါတော်နေ့" အဖြစ် တရားဝင်အသိအမှတ်ပြု သတ်မှတ်ထားသော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည် ။

### ဝါဆိုထမင်းပွဲပြင်ဆင်ပုံ

စာရေးသူတို့၏ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဒေသတွင် အများနှင့်မတူ တစ်မူထူးခြားစွာဖြင့် ဝါဆိုလပြည့်နေ့တွင် ရှေးဘိုးဘွားဘီဘင် အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်လျက် ဝါဆိုထမင်းစားပွဲတော်အား နှစ်စဉ်ကျင်းပလျက်ရှိသည်။ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်နေကြသော တောင်သူများသည် ဝါဆိုလပြည့်နေ့အမီပြီးစီးအောင် မိမိတို့၏ လုပ်ငန်းများအား လုံ့လပြုအားထုတ်ကြရသည်။ အကယ်၍ လုပ်ငန်းများမပြီးစီးပါကလည်း ဝါဆိုလပြည့်နေ့တွင် လုပ်ကိုင်နေသောလုပ်ငန်းများကို ရပ်နား၍ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များပါ ရပ်နားရပြီး ထိုနေ့တွင် လုံးဝမခိုင်းရချေ။

လပြည့်နေ့မတိုင်မီ အဖိတ်နေ့တွင် ကျေးရွာအတွင်းရှိ လူငယ်လူကြီးများသည် ရေပြင်ဖွေးဖွေးကွင်းပြင်သို့ အုပ်စုဖွဲ့ထွက်ကာ ကန်စွန်းရွက်များကို အပြိုင်အဆိုင်ရှာဖွေခူးကြသည်။ ခူး၍ရလာသော ကန်စွန်းရွက်များကို ဝါဆိုထမင်းကျွေးမည့် ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်လျက် ကျေးရွာအတွင်းမှ ချဉ်ပေါင်ရွက်၊ ရုံးပတီသီးများကိုလည်း စုစည်း၍ ဒေသအခေါ်အရပ်လုပ် ငါးပိ၊ ငရုတ်သီးစိမ်းများကို ကြိုတင်စုစည်းထားရ၏။ ဝါဆိုလပြည့်နေ့နံနက်ပိုင်းတွင် ဝါဆိုသင်္ကန်းများ စုပေါင်းကပ်လှူ၍ သီလယူပြီးလျှင် စုဆောင်းထားသော ဟင်းသီးဟင်းရွက်များကို အနေတော်အရွယ်များ ဖြတ်တောက်လျက် ချက်ပြုတ်ရန် ပြင်ဆင်ရ၏။ ထိုသို့ဖြတ်တောက်စဉ် ကန်စွန်းရွက်၏ အပေါက်ငယ်အတွင်းသို့ ငရုတ်သီးစိမ်းအတောင့်ငယ်အချို့ကို ထည့်သွင်း၍ အချဉ်ဟင်းကို ချက်ပြုတ်ကြသည်။ ထိုအချိန်တွင် ထမင်းကိုချက်ပြုတ်ကချက်၊ အမျိုးသမီးတချို့က ဒေသအရပ်လုပ်ငါးပိကို ငှက်ပျောရွက်ဖြင့် ထုပ်လျက်မီးဖုတ်သည်။ ငရုတ်သီးစိမ်းကို လှော်ကြရသည်၊ ငါးပိထောင်းအတွင်းသို့ ထည့်ရန်အတွက် ချင်း၊ ကြက်သွန်ဖြူများကို ငရုတ်သီးစိမ်းဖြင့် ငရုတ်ဆုံအတွင်း ရောထောင်းလျက် ငပိထောင်းခွက်ကို ပြုလုပ်ကြသည်။ ဘုန်းကြီးကျောင်းအတွင်းမှ ဝါးမျှစ်နုပြုတ်သည်လည်း မပါမဖြစ်သော အချဉ်ရည်ဟင်း ဖြည့်စွက်စာ၊ အတို့အမယ်တစ်မျိုးပင်ဖြစ်သည်။ အချို့နေရာများတွင် ပုစွန်ငါးပိ၊ ပဲငါးပိ (သက်သတ်လွတ်) စသည်တို့ဖြင့် ပြုလုပ်ကြသည်။ ယခုတွင်မူ ငါးခြောက်ကြော်၊ ပဲကတ္တီပါကြော်များ၊ တို့စရာများဖြင့် ထည့်သွင်းကျွေးမွေးကြသည်။

### ဝါဆိုထမင်းပွဲစတင်ချိန်နှင့်ဓလေ့

ဝါဆိုလပြည့်နေ့ ညနေသုံးနာရီခန့်တွင် ရပ်ဝေးရပ်နီးမှ ဝါဆိုထမင်းစားသုံးသူများက ကား၊ ဆိုင်ကယ်၊ ခြေကျင်များဖြင့် ဆယ်မိုင်ခန့်ရှည်လျားသော ပရဝဏ်အတွင်းရှိ ဝါဆိုထမင်းကျွေးသည့် ဘုန်းတော်ကြီးကျောင်းဟူသမျှသို့ တစ်ကျောင်းဝင် တစ်ကျောင်းထွက်၍ ဖူးမြော်လည်ပတ်သွားရောက်၍ ဝါဆိုထမင်းစားကြ၏။ လာရောက်စားသောက်သော လူမျိုးမရွေး ဘာသာမရွေး အနည်းအများအပေါ်မူတည်၍ ထပ်မံချက်ပြုတ် ဖြည့်တင်းကျွေးမွေးကြရ၏ ။

ဝါဆိုထမင်းလာရောက် သုံးဆောင်သူများသည် ဘုန်းကြီးကျောင်းတစ်ကျောင်းတည်းတွင် သုံးဆောင်ရသည်မဟုတ်ချေ။ ထိုဒေသ၌ ဝါဆိုထမင်းပွဲကျင်းပသည့် ဘုန်းကြီးကျောင်းဆယ်ကျောင်းရှိခဲ့ပါက ထိုဆယ်ကျောင်းလုံး၌ သင့်တင့်မျှတစွာ သုံးဆောင်ကြရခြင်းဖြစ်သည်။ အကယ်၍ ဝါဆိုထမင်းများဟင်းများ ပိုလျှံခဲ့လျှင် အနီးအနားရှိ ကျေးရွာများမှ မိသားစုဝင်များသို့ မျှဝေခြင်းကိုလည်း ပြုလုပ်ကြသည်။

ဝါဆိုထမင်းပွဲတော်သို့ လာရောက်သုံးဆောင်သူများသည် မိမိတို့အိမ်ခြံဝင်းအတွင်းတွင် စိုက်ပျိုးထားသော မည်သည့်အပင်အမျိုးအစားမဆို ဝါဆိုပန်းတစ်မျိုးစီကို ယူဆောင်လာကြရသည်။ ညပိုင်းတွင် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်သည့်အချိန်၌ ထိုဝါဆိုပန်းများကို မြတ်စွာဘုရားထံ လှူဒါန်းမှုပြုကြသည်။ မရှိ၍ မလှူမဖြစ်ရန်၊ အလှူဒါနအကျိုးကို မိသားစုတိုင်း ကိုယ်စီကိုယ်ငှရရှိရန်အတွက် ရည်မှန်း၍ ဝါဆိုပန်းများကိုယူဆောင်လာစေခြင်းပင် ဖြစ်ပေသည်။

### ပြန်ဆုံနွှဲပျော် ထမင်းစားပွဲတော်

ရပ်ဝေးရောက်နေသော ဒေသခံများသည် မည်မျှပင်ဝေးနေပါစေ၊ ထိုနေ့ထိုရက်တွင် မိမိတို့ဇာတိသို့ အရောက်ပြန်လျက် ဝါဆိုထမင်းစားပွဲတော်ကို ဆင်နွှဲပျော်ကြသည်။ ထိုနေ့တွင် မိတ်ဆွေသူငယ်ချင်းများအား စုစည်းလျက် အုပ်စုလိုက်ဆင်နွှဲကြသည်။ ငယ်ပေါင်းသူငယ်ချင်းများ ပြန်ဆုံကြပြီး ရှေးဟောင်းနှောင်းဖြစ်အမှတ်တရများ ပြောဆို၍ ငယ်ဆရာ ဆရာမများထံသွားရောက်၍ ကန်တော့ခြင်းများအား လုပ်ဆောင်ကြသည်။ အုပ်စုဖွဲ့၍ မိမိတို့ရွာရှိ စေတီပုထိုးများသို့ သွားရောက်လျက်ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူခြင်းများ ပြုလုပ်ကြသည်။ မိမိတို့၏ အဘိုးအဘွားများ၊ မိဘများ၊ သက်ဆိုင်ရာဘိုးဘွားပိုင် ရှေးဟောင်းနေရာများ၊ ရွာတော်ရှင်နတ်နန်းစသည်ဖြင့် သွားရောက်ဂါရဝပြု ကန်တော့ပန်းဆင်ကြပေသည်။ "လက်ရည်တစ်ပြင်တည်း" ဟူသော တေးသီချင်းကပင် ဝါဆို ထမင်းစားပွဲတော်အား ထင်ဟပ်စေသလားဟုပင် မှတ်ယူရပေသည်။ ဒေသခံများ၏ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု၊ ရင်းနှီးဖော်ရွေမှု၊ သဒ္ဓါတရားထက်သန်မှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ပြသော ပွဲတော်တစ်ခုလည်းဖြစ်ပေသည်။

### မေတ္တာမျှဝေအသင်္ချေ

ဝါဆိုထမင်းပွဲတော်နွှဲပျော်ပြီး ညပိုင်းတွင် အတုယူဖွယ်၊ ချစ်စရာကောင်းသော ဓလေ့တစ်ခုကို ဆောင်ရွက်ကြပြန်သည်။ မိမိတို့လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုများ၊ ဆောက်တည်ခဲ့သော သီလများကို ပြန်လည်မျှဝေခြင်းပင်ဖြစ်သည်။ အိမ်ထောင်ဦးစီး (သို့မဟုတ်) မိသားစုဝင်တစ်ဦးဦးက မိမိတို့အိမ်တွင် မွေးမြူထားသော ကျွဲ၊ နွား၊ တိရစ္ဆာန်များကို မိမိတို့ဆောင်ရွက်ခဲ့သော ကောင်းမှုဟူသမျှကို အသေအချာပြန်ပြောပြသည်။ မီးအလင်းတိုင် ထွန်းညှိ၍ မိမိတို့ပြုလုပ်ခဲ့သော အလှူဒါနအကျိုး၊ သီလအကျိုးကို မိမိအိမ်တွင်ရှိသော တိရစ္ဆာန်များ သာမက ဝေနေယျသတ္တဝါအပေါင်းတို့အား ရေစက်ချ၍ အမျှပေးဝေကြသည်။ ဝါတွင်းကာလရောက်ပြီဖြစ်၍ အသင်တို့သည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဥပုသ်သီတင်း သီလဆောက်တည်နိုင်ပေပြီဟု ခွင့်ပြုကြောင်းကို သတ္တဝါအပေါင်းအား တရိုတသေပြောကြားကြသည်မှာ ကြည်နူးမြတ်နိုးဖွယ်ကောင်းသော ဓလေ့၊ လေးစားဖွယ်ကောင်းသော မေတ္တာစကားပင်ဖြစ်ပေသည်။

### ဝါဆိုထမင်းစားသုံးခြင်းအကျိုးနှင့် ယုံကြည်မှု

ဝါဆိုထမင်းစားသုံးခြင်းဖြင့် ရောဂါကင်းစင်ခြင်း၊ ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ဝါတွင်းကာလပတ်လုံး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ခြင်း၊ ဝါတွင်းကာလပတ်လုံး စိတ်နှလုံးကြည်သာမှုရှိခြင်းစသော အယူများဖြင့် စားသုံးကြသည်။ စိတ်ဟူသည် လူသားတို့၏ အာဟာရဖြစ်သည်။ စိတ်၏ တန်ခိုးကို မြှင့်တင်နိုင်ခြင်းသည်လည်း တန်ဖိုးကြီးမားသော ဓလေ့တစ်ခုဖြစ်သည်။ လူသားတို့သည် ယုံကြည်ချက်ဖြင့် စိတ်ကိုအသက်သွင်း ရှင်သန်ကြရသည်ဖြစ်သောကြောင့် ထိန်းသိမ်းသင့်သော ရိုးရာဓလေ့ကို မြတ်နိုးတွယ်တာကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။ စိတ်အာဟာရဖြင့် စည်းလုံးညီညွတ်မှုကို သက်သေပြနိုင်သည်မှာလည်း အတုယူဖွယ်ရာပင်ဖြစ်ပေသည်။

### မှတ်တမ်းတင်ဂုဏ်ပြုထိုက်

ဘိုးဘွားဘီဘင် အဆက်ဆက်မှစ၍ ယနေ့အထိ ဝါဆိုထမင်းစားပွဲတော်ကို ပဲခူးတိုင်းဒေသကြီးရှိ ကျောက်တံခါးဒေသနှင့် ပဲနွယ်ကုန်းဒေသတို့မှာ ကျင်းပလျက်ရှိသည်။ အဆိုပါ ဝါဆိုထမင်းစားပွဲတော်ကို ပဲနွယ်ကုန်းမြို့ တောရကြီးကျောင်းတိုက်မှာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်းရာချီသည့်တိုင်အောင် ရှေးအစဉ်အလာမပျက်ဘဲ ယဉ်ကျေးမှုဓလေ့တစ်ခုကို ထိန်းသိမ်းထားသည်မှာ လေးစားဂုဏ်ယူကြရပေမည်။ မည်မျှပင် ခေတ်မီတိုးတက်လာသည်ဆိုသော်လည်း မမေ့သင့်သော စည်းလုံးညီညွတ်မှုခွန်အားအဖြစ်ဓလေ့တစ်ခုကို ထိန်းသိမ်းထားသည်မှာ ချီးကျူးဖွယ်ရာပင်ဖြစ်သည်။ "ရှေးထုံးလည်းမပယ် နှင့်" ဟူသော စကားပုံသည် ဤသို့သော ဘာသာဓလေ့ကောင်းကို ဖော်ညွှန်းခြင်းကို ဆိုလိုပေသည်။ ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း ယဉ်ကျေးမှုဓလေ့များ မပျောက်ပျက်သင့်ဘဲ ထိန်းသိမ်းထားရမည်ကို "ဝါဆိုထမင်းစားပွဲတော်" မှ သက်သေဖော်ညွှန်း ပြသနေပေတော့သည်။ ထူးခြားလေးနက်သော အဓိပ္ပာယ်များပြည့်ဝနေသည့် "ဝါဆိုထမင်းစားပွဲတော်" ကို စာရေးသူအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြု ရေးသားလိုက်ရပေသည်။ ။

**ဝါဆိုထမင်းစားသုံးခြင်းဖြင့် ရောဂါကင်းစင်ခြင်း၊ ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ဝါတွင်းကာလပတ်လုံး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ခြင်း၊ ဝါတွင်းကာလပတ်လုံး စိတ်နှလုံးကြည်သာမှုရှိခြင်းစသော အယူများဖြင့် စားသုံးကြသည်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ရတနသုတ်၊မောရသုတ်<br>အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၃၅ | (၃၈)ဖြာမင်္ဂလာ<br>(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်)<br>'အရတိပါပါ' |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>'ဘဝတကက်ဘောအကဲဆေး' (အပိုင်း-၂၀) |
| ၀၈:၃၅ | ဒီမိုကရေစီဆိုသည်မှာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊<br>နိုင်ငံတကာသတင်း<br>မိုးလေဝသအခြေအနေ |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ | | |
| ၀၉:၃၅ | အာခါရိုးရာလေ့လာမည်ဟွေယုန်းကျေးရွာCBT | | |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၁:၃၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | | |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>'ဘဝတကက်ဘောအကဲဆေး' (အပိုင်း-၂၁) | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၃:၃၀ | MRTV National News | ၂၁:၁၅ | (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု<br>အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ရုပ်သေး<br>ပြိုင်ပွဲ) 'မဟာဗုဒ္ဓဝင်တောထွက်ခန်း'<br>(ပထမဆု) |
| ၁၆:၁၅ | အသိပညာနှင့်အမှန်တရား | | |
| ၁၇:၁၅ | ခေတ်အလိုက်ကြေးမုံပြင် | | |
| ၁၇:၄၀ | ယုက်ဖြာသွယ်တန်းထားပုလဲကေရီမှ<br>ကျေးလက်လမ်းကွန်ရက်များ(အပိုင်း-၁) | ၂၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၀) |
| ၁၈:၀၀ | ပြည်တွင်းသတင်း | | |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Myat Hsu Mon |
| 07:07 | Dragon Boats And Traditional Customs In Tanintharyi |
| 07:32 | Myanmar's Traditions and Culture "A stir about of Rainbows" |
| 07:56 | Goldsmith |
| 07:44 | Myanmar Big Circular Tray |
| 08:01 | The Pride Of Myanmar Traditional Handicraft |
| 08:08 | Ecotourism: White City Block & Japanese Underground Hospital |
| 08:24 | Enchanting Myeik |
| 08:38 | Myanmar Tradition of Lotus Flower |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Serbia Pavilion at Expo 2020 Dubai |
| 09:34 | A Real Dream Of Accidental Gift |
| 10:01 | Products of Myanmar - Bamboo Hat |

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ပြောင်းဖူးခြောက်ပြုတ်နည်း

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ(အပိုင်း-၁)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မိုးနဲဒေသလွယ်လျှန်းကျောင်းမှသမိုင်းဝင်လက်ရာများ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဆန်တိုဟူးပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်းအိုးရိုး(ခေါ်)တေး

**ဝကော့ကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သစ်ပင်ပေါ်မှာငွေရှိသည်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၁၈:၄၅ | ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၃၀ | မိုးရေကိုရှေ့လိုစုလှုပြုတဲ့သည်ဆည်ကန်ကျိုင်းခမ်းရေလှောင်တမံ |
| ၀၇:၁၀ | သက်ရှိလောကရေအဓိက |
| ၀၇:၅၀ | တစ်ပိုင်တစ်နိုင်ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း |
| ၀၈:၂၀ | ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ |
| ၀၉:၀၀ | စာသင်ခန်းမှသည်လယ်တောဆီ |
| ၀၉:၂၅ | တောင်သူဦးကြီးဘဝမြှင့်တင်ဖို့ကြယ်ပဲသီးနှံစိုက်ကြစို့ |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လောက်ကိုင်မြို့၌ ဒွါဒသမအကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**လောက်ကိုင် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ယနေ့မွန်းလွဲပိုင်းက မဟာမုနိ(ဗဟို) ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဒွါဒသမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပသည်။



ရှေးဦးစွာ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စုပေါင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် လောက်ကိုင်မြို့မန်ချူး တပ်ဦးကျောင်းတိုက် ပဓာန နာယက မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ သာသန တက္ကသီလ ဓမ္မာစရိယ ဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်ပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးမိုးဇော်လတ် နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဒေသ/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စုပေါင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဖွယ်ဝတ္ထု အစုစုတို့အတွက် သာဓုအနုမောဒနာတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

**ရွှေစင်ဖြိုး**
**(ပြန်/ဆက်)**

# ရှေးဦးသူနာပြုနှင့် မိုင်းအန္တရာယ် ပညာပေးသင်တန်း သီပေါမြို့နယ်၌ ဖွင့်လှစ်

**သီပေါ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လားရှိုးတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးသူနာပြုစုခြင်းနှင့် မိုင်းအန္တရာယ်ပညာပေး သင်တန်းကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူနှင့် သင်တန်းနည်းပြများက လူနာဆန်းစစ်ခြင်း၊ ပတ်တီးစည်းနည်းများ၊ ထမ်းစင်ဖြင့် လူနာသယ်ဆောင်နည်း စသည့်ရှေးဦးသူနာပြုစုခြင်းနည်းများနှင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများကို လက်တွေ့ပြသဆောင်ရွက်သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ရှမ်းစာပေဆရာဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၇-၂၀၂၂

**ရွှေ**

၅-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၃၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၅ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၅၀ ကျပ် | ၁၉၉၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၇၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၁၉ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၁ . ၂၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၅၀ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၇ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၅ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၃၀၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၁၈၂ | ၁၃၆၅၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၂၈၄၈ | ၇၄၀၅၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၅ | ၂၆၂၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၇၆ | ၄၃၁၂၀၀ |
| EFR | ၂၆၀၀ | ၂၅၀၀ | ၇၀ | ၁၈၀၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသောကျန်းမာရေး

ဒေါက်တာဇင်ဇေယျာဝင်း

“ ၂၀၁၆ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့လေ့လာတွေ့ရှိချက်တွေအရ ကမ္ဘာတစ်ဝန်း သေဆုံးမှုတွေရဲ့ ၂၄ ရာခိုင်နှုန်းဟာ မသန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားရတယ်လို့ သိရပါတယ်။ စားနပ်ရိက္ခာ လုံလောက်စွာရရှိနိုင်မှု၊ ဘေးကင်းစိတ်ချရမှုနဲ့ အာဟာရပြည့်ဝမှုတို့ဟာ ခွဲခြားမရနိုင်အောင် ဆက်စပ်လျက်ရှိပါတယ်။ နှစ်တိုင်း ကမ္ဘာ့လူဦးရေရဲ့ ၁၀ ပုံ ၁ ပုံ ခန့်မှန်းခြေ လူသန်း ၆၀၀ လောက်ဟာ မသန့်ရှင်းတဲ့အစားအစာတွေကြောင့် ရောဂါခံစားနေကြရပြီး လူပေါင်း လေးသိန်းကျော်လောက် သေဆုံးနေကြပါတယ် ”

**တစ်ခုတည်းသောကမ္ဘာ**

၁၉၇၂ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ်ကစတင်လို့ “တစ်ခုတည်းသောကမ္ဘာ” (One earth) ဆိုတဲ့ဆောင်ပုဒ်ကို စတင်သုံးစွဲခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ရင်ဆိုင်နေရတဲ့ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ လေထုနဲ့ ရေထုညစ်ညမ်းမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်မှု၊ သဘာဝသယံဇာတအရင်းအမြစ်တွေကို အလွန်အမင်း ထုတ်ယူသုံးစွဲမှု၊ အစားအစာဘေးကင်းလုံခြုံမှု စတာတွေအပေါ် ကမ္ဘာတစ်ဝန်း အလေးထားနိုင်ဖို့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကျင်းပခဲ့ကြပါတယ်။

ourworldindata.org ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူသားတွေဟာ တစ်နှစ်ကို ပျမ်းမျှပလတ်စတစ်တန်ချိန် သန်းပေါင်း ၃၈၀ ကျော်လောက် အမှိုက်အနေနဲ့စွန့်ပစ်ပြီး ပတ်ဝန်းကျင်နဲ့ ပင်လယ်သမုဒ္ဒရာတွေကို အကြီးအကျယ်ညစ်ညမ်းမှု ဖြစ်စေကြောင်း သိရပါတယ်။ လက်ရှိအနေအထားမှာ ကမ္ဘာ့ရေပမာဏရဲ့ ၃ ရာခိုင်နှုန်းလောက်ကသာ သန့်စင်တဲ့ရေဖြစ်ပြီး ကမ္ဘာ့လူဦးရေရဲ့ သန်းတစ်ထောင်ကျော်လောက်ဟာ ရေကောင်းရေသန့်မရနိုင်တဲ့ အခြေအနေမှာ နေထိုင်နေရတယ်လို့ ဆိုပါတယ်။

၂၀၁၆ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့လေ့လာတွေ့ရှိချက်တွေအရ ကမ္ဘာတစ်ဝန်း သေဆုံးမှုတွေရဲ့ ၂၄ ရာခိုင်နှုန်းဟာ မသန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားရတယ်လို့ သိရပါတယ်။ စားနပ်ရိက္ခာ လုံလောက်စွာရရှိနိုင်မှု၊ ဘေးကင်းစိတ်ချရမှုနဲ့ အာဟာရပြည့်ဝမှုတို့ဟာ ခွဲခြားမရနိုင်အောင် ဆက်စပ်လျက်ရှိပါတယ်။ နှစ်တိုင်း ကမ္ဘာ့လူဦးရေရဲ့ ၁၀ ပုံ ၁ ပုံ ခန့်မှန်းခြေ လူသန်း ၆၀၀ လောက်ဟာ မသန့်ရှင်းတဲ့ အစားအစာတွေကြောင့် ရောဂါခံစားနေကြရပြီး လူပေါင်း လေးသိန်းကျော်လောက် သေဆုံးနေကြပါတယ်။

**နာလန်ထကမ္ဘာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ လက်ရှိစာရင်းဇယားတွေမှာ ဖော်ပြထားတာထက် သုံးဆလောက်ရှိနိုင်ပြီး ခန့်မှန်းခြေ ၁၅ သန်းလောက်ရှိမယ်လို့ ဆိုပါတယ်။ သေဆုံးသူအများစုဟာ အရှေ့တောင်အာရှ၊ ဥရောပနဲ့ အမေရိကန်နိုင်ငံတွေက ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ပြီးခဲ့တဲ့ ရက်သတ္တ နှစ်ပတ်အတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ လူနာတွေ ၃၀ ရာခိုင်နှုန်းလောက် တိုးလာပြီး ဥရောပတိုက်နဲ့ အမေရိကန်ပြည်ထောင်စုမှာ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲ BA.4 နဲ့ BA.5 တွေ ပျံ့နှံ့မှုကြောင့် ကူးစက်မှုလှိုင်းအသစ်တွေ ကြုံနေရပါတယ်။

ဆိုလိုတာက ကိုဗစ်-၁၉ ကပ်ရောဂါဟာ လုံးဝစိတ်ချရတဲ့အနေအထားမျိုး မရှိသေးပါဘူး။ ဒါ့အပြင် ကိုဗစ်- ၁၉ ဟာ လူသားတွေအတွက် ပထမဆုံးကပ်ရောဂါ မဟုတ်သလို နောက်ဆုံးကပ်ရောဂါလည်း မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာပဲ တခြားသော ပိုးမွှားတွေဟာ ပုံစံအသစ်၊ နည်းလမ်းအသစ်တွေနဲ့ ခေါင်းထောင်လာပါတယ်။ အထူးသဖြင့် မကြာသေးခင်ကာလတွေထဲ တုပ်ကွေး၊ တီဘီနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ရောဂါတွေ ဖြစ်ပွားမှုမြင့်တက်လာတာ တွေ့ရပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းတွေက တခြားအကျိုးပြုရောဂါပိုးတွေနဲ့ ထိတွေ့မှုတွေကိုပါ လျှော့ချပေးတာကြောင့် လူတွေအနေနဲ့ သဘာဝအလျောက်ရရမယ့် ခုခံစွမ်းအားတွေလျော့လာပြီး ရောဂါအသစ်တွေ ပေါ်ပေါက်လာဖို့ အခွင့်အလမ်း ပိုများလာတယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

**ကိုဗစ်အလွန် မျောက်ကျောက်အစ**

ဒီလိုအချိန်မှာ မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုတွေ ပေါ်ပေါက်လာတာပါ။ အာဖရိကနိုင်ငံတွေနဲ့ ခရီးသွားရာဇဝင် ဆက်စပ်မှုမရှိဘဲ မျောက်ကျောက်ရောဂါ အခုလို ကူးစက်ပျံ့နှံ့မှုဟာ ကမ္ဘာမှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ဇူလိုင် ၄ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၅၉ နိုင်ငံမှာ မျောက်ကျောက်အတည်ပြုလူနာပေါင်း ၆၀၂၇ ဦးရှိပြီး သေဆုံးသူ သုံးဦးရှိတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်အတွင်း ကူးစက်ခံရသူအရေအတွက် ၇၇ ရာခိုင်နှုန်း မြင့်တက်လာတာပါ။ အများစုက ဥရောပနိုင်ငံတွေကဖြစ်ပြီး အာရှတိုက်မှာတော့ စင်ကာပူနိုင်ငံမှာ လေးဦးနဲ့ တောင်ကိုရီးယားမှာ တစ်ဦး ကူးစက်ခံထားရတယ်လို့ သိရပါတယ်။

အစက မျောက်ကျောက်ဗိုင်းရပ်စ်ဟာ DNA ဗိုင်းရပ်စ်ဖြစ်တာကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်လို မျိုးရိုးဗီဇပြောင်းလဲမှု မမြန်နိုင်ဘူးလို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါပေမယ့် ကနဦးမျိုးရိုးဗီဇလေ့လာမှုတွေအရ မျောက်ကျောက်ဗိုင်းရပ်စ်ဟာ လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်ကနေ အခုအချိန်အတွင်း မျိုးရိုးဗီဇပြောင်းလဲမှု (Mutation) ပေါင်း ၅၀ လောက်ပြောင်းလဲခဲ့တယ်လို့ သိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကြေညာသင့်၊ မသင့် မကြာခင်မှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ မပြီးဆုံးသေးတဲ့ ကပ်ရောဂါအဟောင်းနဲ့ ခြိမ်းခြောက်နေတဲ့ ကပ်ရောဂါအသစ်အကြား မမျှော်လင့်နိုင်တဲ့ ဗီဇပြောင်းဗိုင်းရပ်စ် မျိုးကွဲအသစ်တွေကြောင့် ရောဂါကူးစက်ပျံ့နှံ့နှုန်းတွေ၊ သေဆုံးနှုန်းတွေ မြင့်တက်မလာခင် စောင့်ကြည့်ကာကွယ်ထိန်းချုပ်ဖို့ အရေးကြီးလှပါတယ်။

**မဆုံးနိုင်သောကပ်ရောဂါတွေ**

အဆက်မပြတ်ပေါ်ပေါက်နေတဲ့ ကူးစက်ရောဂါတွေရဲ့ ၆၀ ရာခိုင်နှုန်းကျော်ဟာ တိရစ္ဆာန်တွေကနေ ကူးစက်တဲ့ရောဂါတွေဖြစ်ပြီး အဲဒီအထဲက ၇၂ ရာခိုင်နှုန်းလောက်ဟာ တောရိုင်းတိရစ္ဆာန်တွေက စတင်ကူးစက်တယ်လို့ ဆိုပါတယ်။ ၂၀၂၁ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဖြစ် ပျံ့နှံ့လာနိုင်ခြေရှိတဲ့၊ စောင့်ကြည့်ရမယ့်ရောဂါ ၁၀ ခုကို ရွေးထုတ်ကြေညာခဲ့ပါတယ်။ အဲဒီစာရင်းထဲမှာ လက်ရှိကူးစက်ပြန့်ပွားနေတဲ့ မျောက်ကျောက်ရောဂါဟာနောက်ဆုံးကပါ။ သူ့ရှေ့မှာ အီဘိုလာရောဂါ၊ မားဘတ်ရောဂါ၊ Lassa fever ရောဂါ၊ MERS ရောဂါ၊ SARS ရောဂါ၊ Nipah virus ရောဂါ၊ Zika virus ရောဂါ၊ Crimean–Congo haemorrhagic fever ရောဂါ၊ Rift Valley fever ရောဂါတို့ ပါဝင်ပါတယ်။

မကြာသေးခင်ကပဲ ဂါနာနိုင်ငံမှာ အီဘိုလာရောဂါလိုမျိုး သေဆုံးနှုန်းမြင့်မားတဲ့ မားဘတ်ဗိုင်းရပ်စ်ကူးစက်ခံရပြီး လူနှစ်ဦး သေဆုံးခဲ့ပါတယ်။ ဒီလိုမားဘတ်ဗိုင်းရပ်စ် ကူးစက်မှုဟာ ဂါနာမှာ ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အနောက်အာဖရိကဒေသမှာတော့ ဒုတိယမြောက်ကူးစက်မှုဖြစ်ပါတယ်။ မားဘတ်ဗိုင်းရပ်စ်ဟာ လင်းနို့ တစ်မျိုးကနေ စတင်ကူးစက်တာဖြစ်ပြီး ရောဂါကူးစက်ခံရသူနဲ့ တိုက်ရိုက်ထိတွေ့တာ၊ ကိုယ်ခန္ဓာက ထွက်တဲ့အရည်တွေ၊ မျက်နှာပြင်၊ ပစ္စည်းတွေနဲ့ ထိတွေ့ခြင်းကတစ်ဆင့် ကူးစက်နိုင်ပါတယ်။ အခုလို မားဘတ်ဗိုင်းရပ်စ်ကူးစက်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ဂါနာကျန်းမာရေးဝန်ကြီးဌာနတို့ အနီးကပ်စောင့်ကြည့်ပြီး အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။

**တစ်ခုတည်းသောကျန်းမာရေး**

တစ်ခုတည်းသောကျန်းမာရေးဆိုတာဟာ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်ဂေဟစနစ်တွေရဲ့ ကျန်းမာရေးအကြား အကောင်းဆုံးမျှခြေဖြစ်အောင် ရေရှည်ထိန်းသိမ်းနိုင်ဖို့ရည်ရွယ်ပြီး စုစည်းပေါင်းစပ်ထားတဲ့ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါတယ်။ ဒီနည်းလမ်းကို အသုံးချနိုင်ဖို့ လူ၊ တိရစ္ဆာန်၊ အပင်နဲ့ သဘာဝပတ်ဝန်းကျင်တို့ရဲ့ ကျန်းမာရေးတွေ နီးကပ်စွာဆက်စပ်နေပြီး အပြန်အလှန် အမှီသဟဲပြုနေတယ်ဆိုတာ နားလည်ဖို့လိုပါတယ်။

Wordometer Website မှာ ဖော်ပြထားချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့မှာ ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၇၉၅၇ ကျော်ရှိတယ်လို့ သိရပါတယ်။ ခန့်မှန်းခြေ တစ်နေ့ကို ကလေးပေါင်း သုံးသိန်းနီးပါးမွေးဖွားနေပြီး လူပေါင်း တစ်သိန်းခွဲနီးပါး သေဆုံးနေတာကြောင့် ခန့်မှန်းခြေ တစ်နေ့လူဦးရေတိုးနှုန်းဟာ တစ်သိန်းခွဲနီးပါးရှိပါတယ်။ ကမ္ဘာ့လူဦးရေတိုးတက်လာတာနဲ့အမျှ နယ်မြေဒေသတွေချဲ့ထွင်နေထိုင်လာရပါတယ်။ ကမ္ဘာကြီးဟာ သစ်တောပြုန်းတီးမှုတွေ၊ မြို့ပြချဲ့ထွင်မှုတွေကြောင့် တစ်နှစ်ထက်တစ်နှစ် ပူနွေးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးယိုယွင်းမှုတွေ၊ မြို့ပြချဲ့ထွင်မှုတွေ၊ တောရိုင်းတိရစ္ဆာန်နဲ့ သစ်တောထွက်ပစ္စည်း တရားမဝင်ရောင်းဝယ်မှုတွေကြောင့် လူနဲ့ တိရစ္ဆာန်အကြား ရောဂါကူးစက်ပျံ့နှံ့ဖို့ အခွင့်အလမ်းတွေများပြားလာပါတယ်။ ဒါ့အပြင် မွေးမြူရေးတိရစ္ဆာန်တွေမှာ ပဋိဇီဝဆေးတွေ မလိုအပ်ဘဲသုံးစွဲတာကြောင့် ဆေးယဉ်ပါးဘက်တီးရီးယားတွေပေါ်ပေါက်လာစေပြီး အဲဒီတိရစ္ဆာန်တွေကနေ လူတွေဆီ နည်းလမ်းမျိုးစုံနဲ့ ရောက်ရှိလာနိုင်ပါတယ်။

**တစ်သွေးတည်း၊ တစ်သားတည်း**

မျောက်ကျောက်ရောဂါအပါအဝင် တိရစ္ဆာန်တွေကတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ကာကွယ်တားဆီးရေးလုပ်ငန်းတွေမှာ လူသားတွေရဲ့ ကျန်းမာရေးကဏ္ဍ(Human Health) တစ်ခုတည်းဆောင်ရွက်လို့မရဘဲ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍ (Animal Health)နှင့် ပတ်ဝန်းကျင်ကျန်းမာရေးကဏ္ဍ(Environment Health)တို့ ပူးပေါင်းဆောင်ရွက်တဲ့ တစ်ခုတည်းသောကျန်းမာရေးပုံစံ (One Health Approach)နဲ့ ဆောင်ရွက်မှသာ အနာဂတ်မှာပေါ်ပေါက်လာနိုင်တဲ့၊ တိရစ္ဆာန်ကတစ်ဆင့် ကူးစက်နိုင်တဲ့၊ ကမ္ဘာ့ကပ်ရောဂါကြီးတွေနဲ့ ဒေသအလိုက်ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ရောဂါတွေကို ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

မကြာသေးခင်ကပဲ (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ကပ်ရောဂါများ ပြင်ဆင်တုံ့ပြန်ရာတွင် One Health Approach နည်းလမ်းအသုံးပြုရေး (Promoting One Health Approach to Prepare and Respond to Pandemic) ခေါင်းစဉ်နဲ့ ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးလည်း တက်ရောက်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်မှာတော့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် ၂၀၂၁ ခုနှစ် အာဆီယံနိုင်ငံများ စိုက်ပျိုးရေးနဲ့ သစ်တောရေးရာဝန်ကြီးအဆင့် ဆွေးနွေးပွဲမှာ သဘောတူညီချက်အရ တိရစ္ဆာန်များကျန်းမာရေးနဲ့ တိရစ္ဆာန်ကတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ကာကွယ်တားဆီးရေးစီမံချက်ကို ရေးဆွဲလျက်ရှိပါတယ်။

**တာဝန်ကိုယ်စီရှိကြသည်**

အာဏာပိုင်အဖွဲ့အစည်းတွေ၊ ကျန်းမာရေး၊ တိမွေးကုနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိတဲ့ကဏ္ဍများစွာက ပညာရှင်တွေအနေနဲ့ တစ်ခုတည်းသောကမ္ဘာ၊ တစ်ခုတည်းသောကျန်းမာရေးဆိုတဲ့ အခြေခံသဘောတရားကို နားလည်လက်ခံပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူတစ်ဦးချင်းအနေနဲ့လည်း ရေကို ချွေတာသုံးစွဲပြီး ရေအရင်းအမြစ်တွေကို ထိန်းသိမ်းရပါမယ်။

ကိုယ်ပိုင်ယာဉ်အသုံးပြုမှုလျှော့ချပြီး တတ်နိုင်သမျှ အများသုံးယာဉ်တွေ အသုံးပြုပါ။ ဖြစ်နိုင်ရင် စက်ဘီးစီးပါ။ လမ်းလျှောက်ပါ။ စွန့်ပစ်အမှိုက်နည်းနိုင်သမျှ နည်းအောင် Reduce၊ Reuse၊ Recycle နည်းလမ်းတွေအသုံးပြုပါ။

စွန့်ပစ်အမှိုက်တွေကို မြေသြဇာအဖြစ် အသုံးချပါ။

လျှပ်စစ်မီးနဲ့ တခြားစွမ်းအင်တွေကို ချွေတာပြီး အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲပါ။

တစ်ပိုင်တစ်နိုင် သီးပင်စားပင်တွေ၊ အရိပ်ရပင်တွေ စိုက်ပျိုးပါ။

သဘာဝအသီးအနှံတွေကို စားသုံးပြီး အသားနဲ့ တာရှည်ခံအစားအသောက်တွေ စားသုံးတာလျှော့ပါ။

ပလတ်စတစ်အသုံးပြုမှုလျှော့ပါ။

တိရစ္ဆာန်ကနေ ကူးစက်တဲ့ရောဂါတွေ ကာကွယ်ဖို့ အသားငါးတွေကို ကျက်အောင် ချက်ပြုတ်စားသောက်ပါ။

တောရိုင်းတိရစ္ဆာန်တွေနဲ့ ထိတွေ့တာရှောင်ကြဉ်ပြီး အိမ်မွေးတိရစ္ဆာန်တွေရှိရင်လည်း ကာကွယ်ဆေးထိုးနှံပြီး စနစ်တကျ မွေးဖို့လိုပါတယ်။

တောရိုင်းတိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အိမ်မွေးတိရစ္ဆာန်ပဲဖြစ်ဖြစ် ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနဲ့ သေချာ ဆေးကြောသန့်စင်ရပါမယ်။

ကျွန်တော်တို့အနေနဲ့ လူ၊ တိရစ္ဆာန်နဲ့ ပတ်ဝန်းကျင်တို့ရဲ့ တစ်ခုတည်းသော ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ခုတည်းသောကမ္ဘာကို တည်ဆောက်နိုင်ဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

## ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူအား ဝါတွင်းကာလ၌ နံနက် ၅ နာရီမှ ညနေ ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်

**ညောင်ဦး ဇူလိုင် ၁၂**
ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ညောင်ဦးမြို့ ထီးလိုမင်းလိုဘုရားဂေါပကဥက္ကဋ္ဌ ဦးတင်လှဦးထံမှ သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီး မဟုတ်သည့်နေ့များတွင်ပင် ဘုရားဖူးများ အမြဲလာရောက်လျက်ရှိသည့် ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများနှင့်သော်လည်းကောင်း လာရောက်ဘုရားဖူးမြော်လျက်ရှိသည်။ ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉နာရီအထိဖွင့်လှစ်မည်ဖြစ်ရာ ယနေ့ ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့ နံနက် ၄ နာရီ မှစတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိနေကြကြောင်း ရွှေစည်းခုံဘုရား ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးက ရှင်းပြသည်။ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့်



ဘုရား ၁၉ ဆူအား ဝါတွင်းကာလ၌ နံနက် ၅ နာရီမှ ညနေ ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွား ဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှား လိုက်သူများ၊ E-Bike ၊ မီနီအိုးဝေအငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ပန်းချီဆွဲသူများ အလုပ်အကိုင်များ ကောင်းနေကြကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူးဝင်ရောက်မှု များပြားခဲ့ကြောင်း သိရသည်။

ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေး တစ်လျှောက်ဖွင့်လှစ်ထားရှိသည့် အညာရိုးရာထန်းတဲများတွင်လည်း ဘုရားဖူးကားများ ပြည့်နေကြောင်း၊ ဘုရားဖူးလာ ဧည့်သည်များသည် သမိုင်းအထင်ကရဘုရားများသို့သာ သွားရောက်ဖူးမြော်ကြသည် မဟုတ်ကြဘဲ ဘုရားသုံးဆူ၊ လေးမျက်နှာဘုရား၊ သစ္စာဝတီဘုရား၊ ဝတ္တနထောဘုရားစု၊ ဆူးလေကုန်းဘုရား၊ ကျောက်မျက်မှော်ဘုရား၊ အရှေ့ဘက်လိပ်ဘုရား၊ အနောက်ဘက်လိပ်ဘုရား၊ စိမ်းညက်ညီအစ်မဘုရား၊ သိကြားပုန်းဘုရား၊ သကြားဟစ်ဘုရား၊ ခြောက်ဘုရားလှ၊ နန်းဦးဘုရား၊ နတ်လှောင်ကျောင်း၊ ငကျွဲနားငွေ့င်းဘုရား၊ ပုထိုးသားများဘုရား၊ ဥပါဠိသိမ်၊ ရွှေလိပ်တူးဘုရားနှင့် လူသူအရောက်အပေါက်နည်းသည့် ဘုရားများသို့ ပြည်တွင်းဧည့်လမ်းညွှန်များ ငှားရမ်းကာ သွားရောက်၍ နံရံဆေးရေးပန်းချီ လေ့လာခြင်း၊ ရှေးဟောင်းအင်္ဂတေပန်းများ လေ့လာခြင်း၊ များပြားလှသည့်ဘုရားများအား ပုံစံမတူ တည်ဆောက်ပုံများ လေ့လာကြကြောင်း ပြည်တွင်း ဧည့်လမ်းညွှန် ဦးတင်လင်းအောင်က ရှင်းပြသည်။ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ဘုရားဖူးတစ်သောင်းကျော်ဝင်ရောက်ခဲ့ကြောင်း သိရပြီး ဘုရားစေတီပုထိုးပေါများသည့် ပုဂံရှေးဟောင်းနယ်မြေတွင်နေရာတိုင်း ဘုရားဖူးများရှိနေကြောင်း ပြည်တွင်းဧည့်လမ်းညွှန် ဦးမိုးအောင်က ပြောကြားသည်။

**ဝင်းထိန်(ပြန်/ဆက်)**

## ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**တွံတေး ဇူလိုင် ၁၂**
ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံကေသဓာတု ရွှေဆံတော် စေတီတော်မြတ်ကြီးတွင် ၁၃၈၄ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်၌ ရပ်ဝေး/ရပ်နီးမှဘုရားဖူးလာပြည်သူများ၊ ဝါဆိုကာလအစ ဝါဆိုလပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ယနေ့နံနက်ပိုင်းတွင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။(ဝဲပုံ)



ထို့အပြင် ရွှေဆံတော်စေတီ မြောက်ဘက်စောင်းတန်းဘေးရှိ ဒေါ်ပု၊ ချစ်တီးတန်ဆောင်း၌ ဌာနဆိုင်ရာ ဝတ်အသင်းများနှင့် ရပ်ကွက်ဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ နေလယ် ၁ နာရီတွင် ကျောင်းသစ်ကျောင်းတိုက်ရှိ မြို့နယ်သံဃနာယကဥက္ကဋ္ဌ( ရွှေကျင်)သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ နာယကစာချ ဓမ္မကထိက ဆရာတော် ဝါဆိုလပြည့်နေ့တွင် တရားဒေသနာတော်များ ဟောကြားမည်ဖြစ်သည်။

ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ၈ ရက်ဥပုသ်လပြည့်၊ လကွယ်နေ့များတွင် ဘုရားဖူး ပြည်သူများအနေဖြင့် ရွှေဆံတော်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ သီလခံယူ ဆောက်တည်နိုင်ရန် စီစဉ်ထားမည် ဖြစ်ကြောင်း ရွှေဆံတော် ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌထံမှ သိရသည်။ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ပါကြောင်း ရွှေဆံတော်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## စီအိုင်အေနှင့် နိုင်ငံတကာ ကွန်ရက်များစာအုပ်ကို ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁၂
**ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာရေးဆရာ တက္ကသိုလ် မြတ်သူ၏ "စီအိုင်အေနှင့် နိုင်ငံတကာကွန်ရက်များစာအုပ်"ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် စီအိုင်အေ၊ အမေရိကန်နှင့် အပေါင်းအပါတို့၏ နယ်ချဲ့ဝါဒ ပုံစံသစ်ကို အကောင်အထည်ဖော်ပေးနေသော စီအိုင်အေကလိမ်ကကျစ် ဉာဏ်နီဉာဏ်နက် များလွန်းသည့် စီအိုင်အေ၊ အရေအမျိုးမျိုးခြုံ၍ နိုင်ငံတကာအတွင်း ဝင်နှောင့်နေသော စီအိုင်အေ၏ သရုပ်အမှန်ကို သိရှိပြီး သတိထားကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးသားထားပါသည်။

စီအိုင်အေနှင့် ဥရောပဆိုဗီယက်ကဏ္ဍတွင် အနောက်ဥရောပ၌တပ်ဖြန့်ခြေရှုပ်ခဲ့သော စီအိုင်အေ၊ ဥရောပလေထုအတွင်း အဆိပ်ခတ်သော စီအိုင်အေ၊ စီအိုင်အေတို့၏ 'မ'သုံးလုံးနည်းဗျူဟာ၊ စီအိုင်အေနှင့် မြန်မာနိုင်ငံကဏ္ဍတွင် မင်းတုန်းမင်းခေတ်က၊ စီအိုင်အေလာပါပြီ၊ စီအိုင်အေနှင့် ဆိုရှယ်လစ် စသည့်စီအိုင်အေ၏ နိုင်ငံတကာအပေါ် စွက်ဖက်ခြေရှုပ်ပုံ စသည့်အကြောင်းများကို ထိထိမိမိ ရေးသားထားသောကြောင့် နိုင်ငံရေးကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်များ ဗဟုသုတရရှိစေမည့်အပြင် လက်မလွှတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၃၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆုသုတပဒေသာ(ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရရှိသည့် စာရေးဆရာ အောင်စိုး (စိုက်ပျိုး/ ၁၀၇)၏ "အရိပ်ရပင်နှင့် ပန်းအလှပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ စီးပွားဖြစ် လုပ်ကိုင်နိုင်မည့် နည်းလမ်းများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ စီးပွားဖြစ် လုပ်ကိုင်ရာ၌ တွက်ခြေကိုက်ပြီး ရေရှည်လုပ်ဆောင်နိုင်ရန်၊ စိတ်ပါဝင်စားသူတိုင်း လက်တွေ့စိုက်ပျိုးနိုင်ရန် ကိုယ်တွေ့များနှင့် ဖြည့်စွက်ရေးသားထားသည်။ ပန်းလောကနှင့် အပင်လောကတွင် အများအပြား ဝယ်ယူသူများအတွက် ပြည်တွင်းတွင် လုံလောက်အောင် မစိုက်နိုင်ဘဲ ပြည်ပမှ ဝယ်ယူနေကြရာ ယင်းငွေယိုပေါက်ကိုလည်း တားဆီးပေးနိုင်သည့်အပြင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ထူထောင်နိုင်စေမည့် စာအုပ်ကောင်း ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့်အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆုကြေးငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ ပေးအပ်မည့် PUBG ဂိမ်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**

မြန်မာနိုင်ငံအတွင်းမှ PUBG ဂိမ်း ဝါသနာရှင်များအတွက် ဆုကြေးငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ အထိ ချီးမြှင့်မည့် PUBG ဂိမ်းပြိုင်ပွဲဖြစ်သော 2022 PMMC Fall Split ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မည့်အသင်းများ စာရင်းသွင်းခြင်းကို ဇူလိုင် ၁၀ ရက်မှစ၍ လက်ခံနေပြီဖြစ်ကြောင်း သိရသည်။




ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်ကို ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ၊ အကြိုဗိုလ်လုပွဲအဆင့် ပွဲစဉ်များကို ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖိုင်နယ်အဆင့် ပွဲစဉ်များကို ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

လက်ရည်စစ်ပွဲအဆင့်တွင် အသင်းပေါင်း ၅၁၂ သင်း ပါဝင်မည်ဖြစ်ပြီး အုပ်စုတစ်စုလျှင် ၁၆ သင်းနှုန်းဖြင့် အုပ်စု ၃၂ စုခွဲ၍ တစ်ရက်လျှင် အုပ်စုလေးစု ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို Erangle နှင့် Miramar မြေပုံများတွင် TPP mode ဖြင့် ကစားရမည်ဖြစ်ပြီး အုပ်စုတစ်စု၏ ထိပ်ဆုံးလေးသင်းစီသာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် လက်ရည်စစ်ပွဲမှ တက်ရောက်လာနိုင်သော အသင်းပေါင်း ၁၂၈ သင်းက တစ်စုလျှင် ၁၆ သင်းစီပါသည့် အုပ်စု ရှစ်စုဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုတစ်စု၏ ထိပ်ဆုံးနှစ်သင်းစီသာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် အသင်းပေါင်း ၁၆ သင်းက Erangel, Miramar နှင့် Sanhok မြေပုံများတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲစဉ်အားလုံးမှ ရရှိထားသော စုစုပေါင်းအမှတ်များအပေါ် မူတည်၍ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အခြားစည်းကမ်းချက်များဖြစ်သည့် အသင်းနှင့် အသင်းသားဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ အသက်ကန့်သတ်ချက်များ၊ ကိရိယာဆိုင်ရာကန့်သတ်ချက်များ(မိုဘိုင်းဖုန်းများဖြင့်သာ ပါဝင်ယှဉ်ပြိုင်ရန်)၊ ဆော့ဖ်ဝဲဆိုင်ရာကန့်သတ်ချက်များ၊ ပြိုင်ပွဲသို့ဝင်ရောက်ရန် စကားဝှက်နှင့် ပွဲစဉ်အလိုက် ကိုယ်ပိုင်နံပါတ်များ၊ ကစားပွဲမှတ်တမ်း၊ တိုက်ရိုက်ထုတ်လွှင့်မှု၊ အမှတ်ပေးစည်းမျဉ်း စသည်တို့ အပါအဝင် စည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/3OQ4BC9 ဝက်ဘ်ဆိုက်လိပ်စာတွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် http://bit.ly/3yUIpkT ဝက်ဘ်ဆိုက်လိပ်စာသို့ဝင်ရောက်၍ စာရင်းပေးသွင်းနိုင်ပြီး ဇူလိုင် ၁၀ ရက်မှစ၍ ၂၀ ရက်အထိ စာရင်းသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## Application Guide

### ပတ်ဝန်းကျင်က ဆူညံသံတွေကို တိုင်းတာပေးနိုင်မယ့် Sound Meter အက်ပလီကေးရှင်း




ဒီအက်ပလီကေးရှင်းက မိုဘိုင်းဖုန်းရဲ့ အသံဖမ်းစနစ်ကို အသုံးပြုပြီး ပတ်ဝန်းကျင်က ဆူညံသံတွေကို တိုင်းတာပေးနိုင်မယ့် အက်ပလီကေးရှင်း ဖြစ်ပါတယ်။ တနည်းအားဖြင့် မိုဘိုင်းဖုန်းကို ဆူညံသံတွေ တိုင်းတာနိုင်မယ့် Sound Meter တစ်ခုအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုရတာ ရိုးရှင်းလွယ်ကူပြီး အက်ပလီကေးရှင်းကို ဖုန်းမှာထည့်သွင်းပြီး ဖွင့်လိုက်တာနဲ့ ပတ်ဝန်းကျင်က အသံအတိုးအကျယ်ကို တိုင်းတာပေးမှာဖြစ်ပါတယ်။ တိုင်းတာရရှိတဲ့အသံကို Decibles(dB)နဲ့ ဖော်ပြပေးမှာဖြစ်ပြီး နမူနာအဖြစ် ဖော်ပြထားတဲ့ ဆူညံသံတွေရဲ့ dB ပမာဏနဲ့လည်း အလွယ်တကူ နှိုင်းယှဉ်ကြည့်နိုင်မှာဖြစ်ပါတယ်။ ဆူညံနေတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ ဘယ်လောက်ဆူနေသလဲဆိုတာ သိနိုင်သလို ကိုယ့်ရဲ့ ကား၊ ဆိုင်ကယ် အင်ဂျင်သံတွေ ပုံမှန်ထက်ကျယ်လာတယ်လို့ ထင်တဲ့အခါမျိုးမှာလည်း တိုင်းတာနိုင်ပြီး အခြားနည်းအမျိုးမျိုးနဲ့လည်း လိုအပ်သလို အသုံးချနိုင်မှာဖြစ်ပါတယ်။

အက်ပလီကေးရှင်းကို ပလေးစတိုးမှာ Sound Meter ABC Apps လို့ ရိုက်ရှာနိုင်ပြီး ဖိုင်အရွယ်အစားက 16MB လောက်ပဲ ရှိပါတယ်။ အန်းဒရွိုက် 4.1 နဲ့အထက် ဖုန်းအားလုံးမှာ သုံးနိုင်ပါတယ်။ **ကျော်ဇင်ဦး**

## New Product

# ကင်မရာအကောင်းဆုံးဖုန်းစာရင်းမှာ ထိပ်ဆုံးနေရာက ပါဝင်လာတဲ့ Xiaomi ရဲ့ တန်ဖိုးမြင့်ဖုန်းမော်ဒယ်သစ် 12S Ultra

**Xiaomi 12S Ultra ဟာ ဇူလိုင် ၄ ရက်က စတင်မိတ်ဆက်ခဲ့တဲ့ Xiaomi 12S ဖုန်းစီးရီး မော်ဒယ်သုံးမျိုးထဲက တန်ဖိုးအမြင့်ဆုံးဖုန်းမော်ဒယ်ဖြစ်ပြီး ဇူလိုင် ၉ ရက်မှာ ကမ္ဘာ့ဈေးကွက်မှာ စတင်ရောင်းချပါတယ်။ တန်ဖိုးမြင့်တဲ့ ဖုန်းမော်ဒယ်ဖြစ်တာကြောင့် စွမ်းဆောင်ရည်မြင့်ပြီး ထူးခြားတဲ့ လုပ်ဆောင်ချက်သစ်တွေလည်း အများအပြား ပါဝင်ပေမယ့် ပထမဆုံးအကြိမ်အဖြစ် Xiaomi က ဆိုနီရဲ့ Leica နဲ့ပေါင်းပြီး ထုတ်ထားတဲ့ ကင်မရာကြောင့် ကင်မရာပိုင်းစွမ်းဆောင်ရည်ကို လူအများက ပိုစိတ်ဝင်စားနေကြပါတယ်။ လက်ရှိအချိန်မှာ ပြည်တွင်းဈေးကွက်ထဲ မဝင်လာသေးပေမယ့် ကြိုတင်စိတ်ဝင်စားမှုမြင့်နေတဲ့ ဖုန်းမော်ဒယ်တစ်ခုလည်း ဖြစ်ပါတယ်။**

ကင်မရာဟာ ကင်မရာသုံးလုံး ပါဝင်တဲ့ Triple Camera အမျိုးအစားဖြစ်ပြီး ပင်မကင်မရာဟာ ၅၀ ဒသမ ၃ မဂ္ဂါပစ်ဇယ် Wide ကင်မရာဖြစ်ပါတယ်။ Sensor ကလည်း ဆိုနီရဲ့ တစ်လက်မအရွယ်ရှိတဲ့ IMX989 Sensor ကို သုံးထားလို့ ဆိုနီကထုတ်ထားတဲ့ Xperia Pro–I နဲ့အတူ Sensor အရွယ်အစားအကြီးဆုံးဖုန်းဖြစ်လာပါတယ်။ တယ်လီဖိုတို ကင်မရာက ၄၈ မဂ္ဂါပစ်ဇယ်ရှိပြီး ငါးဆ Optical Zoom လည်း ပါဝင်ပါတယ်။ နောက်ထပ် Ultra Wide ကင်မရာတစ်လုံးကလည်း ၄၈ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ Leica ရဲ့ ကင်မရာလုပ်ဆောင်ချက်တွေအပြင် Xiaomi ရဲ့ AI ကင်မရာစွမ်းဆောင်ရည်တွေကြောင့် အရည်အသွေးအကောင်းဆုံး ဓာတ်ပုံတွေကို ရရှိနိုင်မှာဖြစ်သလို ဗီဒီယိုတွေကိုလည်း 8K အရည်အသွေးအထိ ရိုက်နိုင်မှာဖြစ်ပါတယ်။




Xiaomi 12S Ultra ရဲ့ အခြားအချက်အလက်တွေကို ဇယားမှာ ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၇၃ လက်မ |
| မျက်နှာပြင်အမျိုးအစား | LTPO2 AMOLED |
| Resolution | 1440 x 3200 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 12, MIUI 13 |
| Chipset | Qualcomm SM8475 Snapdragon 8+ Gen 1 (4 nm) |
| CPU | Octa–core(Cortex–X2 & Cortex–A710 & Cortex–A510) |
| RAM နဲ့ မင်မိုရီ | 8/256, 12/256, 12/512 GB |
| ဆယ်လ်ဖီကင်မရာ | 32 MP |
| Fingerprint | Under display |
| USB | Type–C 2.0, On–The–Go |
| ဘက်ထရီ | Li–Po 4860 mAh |
| အားသွင်းစနစ် | 67W အမြန်အားသွင်းစနစ်၊ 50W ကြိုးမဲ့အားသွင်းစနစ် |

Xiaomi 12S Ultra ဟာ တန်ဖိုးမြင့်ဖုန်းဖြစ်တဲ့အတွက် ကိုယ်ထည်ဒီဇိုင်းပိုင်းကအစ အလူမီနီယမ်ဖရိမ်ပေါ်မှာ ကျောဘက်ကာဗာက သားရေအုပ်ထားတဲ့ဒီဇိုင်းမျိုးနဲ့ ထုတ်လုပ်ထားပြီး Finger Print ကလည်း Under Display ဖြစ်ပါတယ်။ ရေနဲ့ ဖုန်ဒဏ် ခံနိုင်မှုကလည်း IP 68 အဆင့်ရှိပါတယ်။ Internal Storage ပမာဏက များပြားတာကြောင့် မင်မိုရီကတ်စိုက်သုံးလို့မရပေမယ့် အားနည်းချက်လို့တော့ မဆိုနိုင်ပါဘူး။ ဈေးနှုန်းအနေနဲ့ နိုင်ငံတကာရောင်းဈေးကို တိုက်ရိုက်တွက်ချက်မှုအရ တန်ဖိုးအနည်းဆုံးဖြစ်တဲ့ 8/256 က ကျပ် ၁၇ သိန်းဝန်းကျင်၊ 12/256 က ကျပ် ၁၈ သိန်းခွဲဝန်းကျင်နဲ့ 12/512 က ကျပ် ၁၉ သိန်းခွဲဝန်းကျင် ရှိနိုင်ပြီး ပြည်တွင်းကို အစောပိုင်းဝင်လာမယ့် ဖုန်းတွေကတော့ ဒီထက်တောင် ဈေးပိုများနိုင်ပါတယ်။

**ကျော်ဇင်ဦး**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရုံးဝင်းအုတ်တံတိုင်းကာရံခြင်း၊ အဆောက်အအုံများတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံ/လိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၃-၇-၂၀၂၂ရက်၊ ဗုဒ္ဓဟူးနေ့

**တင်ဒါပုံစံ ရောင်းချမှု ပိတ်သိမ်းမည့်ရက်** - ၂၅-၇-၂၀၂၂ရက်၊ ၁၆:၀၀နာရီ

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၆-၇-၂၀၂၂ရက်၊ ၁၆:၀၀နာရီ

၂။ အသေးစိတ် အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၃-၂၀၂၅၈၀၉၊ ၀၉-၄၂၂၄၆၇၇၂၁ တို့တွင် ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆၄၇ (အလယ်ရပ်)၊ ဦးပိုင်အမှတ်(၁၃၆)၊ ဧရိယာ (၀ဒသမ၀၆၀)ဧကရှိ မြေကွက်အား မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(၈၃၇/၁၉၉၈-၁၉၉၉)အရ (၃၁-၃-၁၉၉၉)ရက်မှ (၃၀-၃-၂၀၂၉)ရက်အထိ နှစ်(၃၀)ဂရန်အား ဦးစိန်အေးမောင် အမည်ဖြင့် မြေဂရန် ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနတွင်(၁-က)စာရင်းရေးသွင်းမှု မရှိသေးသဖြင့် (၁-က)စာရင်း ပြန်လည်ရေးသွင်း ပေးရန် မြေဂရန်မိတ္တူနှင့် အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ တဲကြီးကုန်းရွာ၊ ကြက်ရိုးကုန်းရပ်ကွက်နေ ဦးဝင်းဦး ၁၄/မအန(နိုင်)၀၇၂၇၃၈ မိခင် ဒေါ်စန်းစန်းအေး ၁၄/မအန(နိုင်)၀၇၂၇၀၉ တို့၏သား မောင်ဇော်လင်းအောင် ၁၄/မအန(နိုင်)၁၉၂၄၂၈ သည် ဖခင်၊ မိခင် ဆိုဆုံးမမှုတို့ကို မနာခံသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးဝင်းဦး-ဒေါ်စန်းစန်းအေး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး ကွင်းအမှတ်(၆၈၁/၁)၊ ဦးပိုင်အမှတ်(၅၇)၊ အရှေ့လားသော်-အကွက်အမှတ်(၂)၊ အနောက်လားသော်-အကွက်အမှတ်(၄)၊ မြောက်လားသော်-လမ်း၊ တောင်လားသော်-အ ခြားမြေကွက်အတွင်းရှိ အကွက်အမှတ်(၃)၊ မြေဧရိယာ (၀.၀၇)ဧက၊ မြေအကျယ်(၄၀x ၈၀)ပေ အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အဆောက်အအုံ ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို(၂၉-၂-၂၀၁၁)ရက်တွင် ဦးမောင်မောင်လေးမှ ဒေါ်လွင်မာအောင်သို့လည်းကောင်း (၁၄-၉-၂၀၁၄)ရက်တွင် ဒေါ်လွင်မာအောင်မှ ဦးအောင်သီဟသို့လည်းကောင်း၊ (၂၆-၉-၂၀၁၄)ရက်တွင် ဦးအောင်သီဟမှ ဦးကျော်လင်းသို့လည်းကောင်း၊ (၁၅-၆-၂၀၂၂)ရက်တွင် ဦးကျော်လင်းမှ ဒေါ်လွင်မီမီသက် သို့လည်းကောင်း(အရပ်ကတိ)ဆက်စပ်စာချုပ်များအရ ပိုင်ဆိုင်ခဲ့ပြီး (၁၃-၇-၂၀၂၂)ရက် တွင် ဒေါ်လွင်မီမီသက် ၉/မကန(နိုင်)၀၇၉၅၁၈ထံမှ အဆိုမြေကွက်ကို ကျွန်မ ဒေါ်မိုးမိုးအောင် ၁၂/မရက(နိုင်) ၀၉၈၁၅၇မှ ကာလတန်ဖိုးငွေဖြင့်ဝယ်ယူရန်ညှိနှိုင်းခဲ့ပြီး (၁၁-၇-၂၀၂၂)ရက်တွင် မြေကွက်ဖိုးငွေ၏တစ်စိတ်တစ်ဒေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးအောင် ၁၂/မရက(နိုင်) ၀၉၈၁၅၇**
**(ဖုန်း-၀၉-၅၁၆၀၇၃၆၊ ၀၉-၄၃၂၀၁၇၆၁)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း(၃)လမ်း၊ မြေကွက်အမှတ်(၆၆၀)ဟု ခေါ်သည့် ဦးထွေး ၁၂/ရကန(နိုင်)၀၁၃၆၃၄ ပိုင် အမည်ပေါက် ပိုင်ဆိုင်ထားသော မြေကွက်အား သမီးဖြစ်သူ ဒေါ်စီစီမာ ၁၂/ရကန (နိုင်)၀၁၃၉၇၁ အမည်ပေါက်လွှဲပြောင်းရယူမည်ဖြစ်ပါ၍ မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စီစီမာ ၁၂/ရကန(နိုင်)၀၁၃၉၇၁**
**၄၂/၆၆၀၊ ရွှေဥဒေါင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉ ၄၂၀ ၇၀၀ ၈၈၅**







## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၂၁၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၀/သဖရ(နိုင်)၁၂၂၈၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်ခွဲနေ ဦးမျိုးအောင်၏သား မောင်သက်ပိုင်ထွန်း ၁၄/သေခ(နိုင်)၀၃၃၆၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၀၃၁၂၅၆၃ သို့ အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးနိုင်ဝင်း ၈/ရစက(နိုင်)၂၄၃၄၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၂၀၆၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/76688, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အိုးဘိုရပ်ကွက်၊ (၇)လမ်း၊ အမှတ် ၁၉၀(ခ)နေ ဦးကြည်သာ(ဘ)ဦးတင်ချို ၈/မကန(နိုင်)၁၆၇၅၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်သာနှင့် ၎င်း၏ဇနီး ဒေါ်မေသဇင် (ဘ)ဦးစန်းမြင့် ၈/ခမန(နိုင်) ၁၂၂၈၃၆တို့သည် လွန်ခဲ့သော (၅-၉-၂၀၁၃)ရက်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၁၄-၁-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေမှပြောပြသိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဦးကြည်သာနှင့် ဒေါ်မေသဇင်တို့သည် နောက်နောင် အခြားမည်သည့်ကိစ္စတွင်မျှတစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်းနှင့် လင်မယားအရာမှ တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကြည်သာ** | **ဦးသန်းထိုက်ဦး** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၆၁)** |
| | **အမှတ်(၄၈/ခ)၊ မြသီတာလမ်း၊** |
| | **သိင်္ဂါဂီရိရပ်ကွက်၊ မကွေးမြို့၊** |
| | **ဖုန်း-၀၉-၄၄၀၃၉၆၉၃၆** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၀၁၂)ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၃၀ x ၆၀)ပေ ရှိ ဦးဝမ်းတင် အမည်ပေါက် (အမှတ် ၁၀၁၂)၊ ဘိုးရာဇာလမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း)မြို့နယ် ဟုလည်းခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဒေါ်နုနုအေး ၁၂/ဗတထ(နိုင်)၀၂၁၅၃၁ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင် ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **(စဉ်-၂၅၁၆၅)** | **(စဉ်-၂၆၁၉၉)** | **(စဉ်-၄၆၃၂၈)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၅၈/၆၀)(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9108, SHWE KYAIR L/T(SK-02)LIGHT TRUCK (4x2)R ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/13214, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမေရီ ၆/ထဝန(နိုင်)၀၃၉၁၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာန ကုန်းပိုင်းလုပ်ကွက်များတွင် ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း(၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော ကုန်းပိုင်းလုပ်ကွက်(၁၀) ကွက်တို့တွင် တွင်းစားစနစ် (Well by Well Basic) ကိုအခြေခံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Joint Operating Agreement-JOA)ဖြင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များမှ စိတ်ဝင်စားမှု အဆိုပြုလွှာများတင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော အောက်ဖော်ပြပါ ကုန်းပိုင်းလုပ်ကွက်(၁၀)ကွက်တို့အား တင်ဒါရွေးချယ်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ တင်ပြရမည်ဖြစ်ပါသည်-

| စဉ် | လုပ်ကွက် | တည်နေရာ | စာချုပ်အမျိုးအစား |
|---|---|---|---|
| (၁) | PSC-D | မဟူတောင်ဒေသ | JOA |
| (၂) | RSF-1 | ကျောက်ခွက်-လက်ပံတိုဒေသ | JOA |
| (၃) | IOR-1 | အရာတော်ဒေသ | JOA |
| (၄) | RSF-8 | ရေနံမဒေသ | JOA |
| (၅) | IOR-4 | ပြည်ဒေသ | JOA |
| (၆) | IOR-6 | မြန်အောင်ဒေသ | JOA |
| (၇) | IOR-7 | ရွှေပြည်သာဒေသ | JOA |
| (၈) | MOGE-5 | အဖျောက်ဒေသ | JOA |
| (၉) | MOGE-5 | ညောင်တုန်းဒေသ | JOA |
| (၁၀) | MOGE-5 | မအူပင်တောင်ဒေသ | JOA |

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests -LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association-AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association-MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏နှစ်ပတ်လည် အစီရင်ခံစာ(Last 3 years Annual Report)၊ လွန်ခဲ့သည့်(၃)နှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများအား Hard Copy (မူရင်း(၁)စုံ + မိတ္တူ(၃)စုံ)နှင့် Soft Copy တို့ကို ပူးတွဲ၍ "မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀) ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း-၂၀၂၂" ဟု ရေးသားဖော်ပြ၍ လာရောက် တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့် လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ်(၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှု ပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့် လုပ်ကွက်များနှင့် သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ရှင်းလင်းတင်ပြမှု ပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့် စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများရှိ-မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိ-မရှိ စိစစ်ခြင်းများပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ရမည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း** ၆၅-၀၆၇ ၃ ၄၁၁၀၄၆
**ဖက်စ်** ၆၅-၀၆၇ ၃ ၄၁၁၂၁၃
**အီးမေးလ်** oilandgasplanningdepartment@gmail.com

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါ အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(၁) **ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန၊နေပြည်တော်**
**ဖုန်း** ၆၅-၀၆၇ ၃ ၄၁၁၀၄၆
**ဖက်စ်** ၆၅-၀၆၇ ၃ ၄၁၁၂၁၃
**အီးမေးလ်** oilandgasplanningdepartment@gmail.com

(၂) **ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း** ၆၅-၀၆၇ ၃ ၄၁၁၀၅၅/ ၃ ၄၁၁၀၅၆
**ဖက်စ်** ၆၅-၀၆၇ ၃ ၄၁၁၁၇၈/ ၃ ၄၁၁၂၅
**အီးမေးလ်** mogemdoffice4163@gmail.com

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၂ ခုနှစ်၊ မတ်လအလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၆၅၅။ | ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း) နှင့်ဇနီး(ဒေါ်သန်းသန်းမြင့်)၊ ဦးကျော်ဇင်ဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်စိုး၊ ဦးဇော်မြင့်ဝင်းနှင့် ဇနီး ဒေါက်တာအေးစန္ဒာဝင်း၊ ဦးဇော်မင်းနှင့်ဇနီး ဒေါ်ယဉ်မေဝင်း (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၇၉၀၀၀၀၀ |
| ၂၆၅၆။ | နှစ်ဖက်သောမိဘများ အားဦးထိပ်ထား၍ ဗိုလ်ချုပ်စိုးဝင်း(ငြိမ်း)+ဒုတိယဗိုလ်မှူးကြီးကေသီကျော်(ငြိမ်း) သား၊ သမီး၊ မြေးမိသားစုကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၆၅၇။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှကျောင်းဆင်းအရာရှိများနှင့်မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ဘားအံမြို့ | ၁၀၀၀၀၀၀၀ |
| ၂၆၅၈။ | အနောက်တောင်တိုင်းစစ်ဌာနချုပ် နှင့်ကွပ်ကဲမှုအောက်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/အရာခံ/အကြပ်/ စစ်သည်မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ပုသိမ်မြို့ | ၉၀၀၀၀၀၀ |
| ၂၆၅၉။ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှင့်ကွပ်ကဲမှုအောက်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/အရာခံ/အကြပ်/ စစ်သည်မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | လားရှိုးမြို့ | ၁၇၉၀၀၀၀၀ |
| ၂၆၆၀။ | ဦးရဲနိုင်(အဖွဲ့ဝင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့)နှင့်ဇနီး ဒေါ်သီသီခိုင်(သား)မောင်ရဲပြည့်ခိုင်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၆၆၁။ | ဒေါက်တာဘဒ္ဒန္တဝိနယာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဥက္ကဋ္ဌ ပြည်နယ် ဘ/က ကြီးကြပ်ရေးဆရာတော် အမှူးထား၍ ဦးအိုက်ဆမ်၊ ဥက္ကဋ္ဌ နမ့်ခမ်းပြည်သူ့စစ်၊ စုတက်မွန် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်+ဒေါ်ရွှေစိန်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ၊ မဟာရံတံတိုင်းစိန်တောင်-၃ ခုလှူဒါန်း) | နမ့်ခမ်းမြို့ | ၃၀၀၀၀၀၀၀ |
| ၂၆၆၂။ | ဒုတိယဗိုလ်မှူးကြီးကျော်ဇောအောင် (ငြိမ်း)နှင့်ဇနီး ဒေါ်စန်းကြည်ကြည်မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | မန္တလေးမြို့ | ၁၀၀၀၀၀၀ |
| ၂၆၆၃။ | အမှတ်(၂)သံမဏိစက်ရုံ ဝန်ထမ်းမိသားစု | မြောင်းတကာ | ၂၈၃၅၀၀ |
| ၂၆၆၄။ | ဦးဆန်းမြင့်ဦး+ဒေါ်တိုးတိုးလှိုင်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၆၆၅။ | ဒေါ်မြင့်မြင့်ထွေး | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၆၆၆။ | ဒေါ်အေးအေးနှင့်(သမီး)ဒေါ်ခင်မိုးအေး | ပြင်ဦးလွင်မြို့ | ၂၀၀၀၀၀ |
| ၂၆၆၇။ | ဒေါ်မေရီမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၆၆၈။ | ဒေါ်ချိုချိုလှိုင်အားရည်စူး၍ ဦးတင်မောင်လတ်(သား)ဗိုလ်ကြီးဖုန်းထက်အောင်နှင့် ဇနီးဒေါ်သန္တာထူး(သမီး)ဒေါ်ခင်ခင်ထက် | မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၂၆၆၉။ | ဦးလှဦး+ဒေါ်သန်းငွေမိသားစု | မိုးကုတ်မြို့ | ၁၀၀၀၀၀ |
| ၂၆၇၀။ | ဦးဘိုကြီးနှင့်ဇနီး ဒေါ်တင်တင်မြမိသားစု | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၂၆၇၁။ | တပ်မတော်အထည်စက်ရုံချုပ်လုပ်မှု(၁၀)မှ တာဝန်ခံနှင့်ဝန်ထမ်းများ | ရန်ကုန်မြို့ | ၈၇၀၀၀ |
| ၂၆၇၂။ | အရာခံဗိုလ်ညိုဝင်းနှင့်ဇနီး ဒေါ်ခင်ငွေမိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၆၇၃။ | ဦးကျော်ဝင်း | မိတ္ထီလာမြို့ | ၅၀၀၀၀ |
| ၂၆၇၄။ | ဖခင်ဦးညိုဝင်းအားရည်စူး၍ ဒေါ်ရီရီဝင်းမွေးနေ့အလှူ | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၂၆၇၅။ | ဒေါ်ယဉ်ရွှေ | နေပြည်တော် | ၁၀၀၀၀ |
| ၂၆၇၆။ | ဒေါ်ခင်မိုးနိုင် (မြေး)မောင်စစ်နိုင်ထက်၊ ထူးအံ့လွင် ကောင်းမှု | နေပြည်တော် | ၁၀၀၀၀ |
| ၂၆၇၇။ | ကွယ်လွန်သူဖခင်ဦးအုန်းရွှေ၊ မိခင်ဒေါ်ခင်နွဲ့တို့အားရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု (ကြွေပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၆၇၈။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမိသားစု (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၂ ခန်း၊ မဟာရံတံတိုင်းထောင့်တိုင်-၁ တိုင်၊ မဟာရံတံတိုင်းစိန်တောင်-၁ ခု၊ မဟာရံတံတိုင်းအင်္ဂတေ-၂ လှူဒါန်း) | နေပြည်တော် | ၉၂၃၈၆၀၀ |
| ၂၆၇၉။ | လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အလှူငွေ | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၆၈၀။ | ဦးတင်ကြည်+ဒေါ်ယဉ်မြင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၆၈၁။ | ဦးထွန်းမြအောင် | ဘားအံမြို့ | ၃၀၀၀၀၀ |
| ၂၆၈၂။ | ဒုအရာခံဗိုလ်တုတ်ကြီး+ဒေါ်ခင်အေးကြွယ်မိသားစု | ရန်ကုန်မြို့ | ၂၁၀၀၀၀ |
| ၂၆၈၃။ | ဦးလှဦးနှင့်ဇနီးဒေါ်ခင်ညို(သား)ဗိုလ်ကြီးမင်းလွင် | မိတ္ထီလာမြို့ | ၂၀၀၀၀၀ |
| ၂၆၈၄။ | ဦးကိုကိုမင်းဦး+ဒေါ်အေးအေးမွန် (သား)မောင်ဟိန်းဇေယျမင်း၊ မောင်စွမ်းရဲနောင်မိသားစု | ဖားကန့်မြို့ | ၂၀၀၀၀၀ |
| ၂၆၈၅။ | ဒေါ်ဥဥခင် | ရန်ကုန်မြို့ | ၁၆၀၀၀၀ |
| ၂၆၈၆။ | ဦးကြည်မြင့်+ဒေါ်စန်းစန်းငွေ မိဘနှစ်ပါးအားအမှူးထား၍(သမီး) မဝင်းသန္တာအောင်မွေးနေ့အလှူ | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၆၈၇။ | ရေတပ်မိသားစုအလှူငွေ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၆၈၈။ | ဒေါ်တင်မိုးလှိုင် | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၆၈၉။ | ဦးသိန်းကိုကို မိသားစု (ပြည်နယ်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်တရားလွှတ်တော်) | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၉၀။ | ဦးတင်အောင်ဆွေမိသားစု (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်လွှတ်တော်ရုံး) | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၉၁။ | ဒေါ်ခင်မာချိုမိသားစု (ရုံးအုပ်၊ ကရင်ပြည်နယ်တရားရေးဦးစီးဌာန) | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၆၉၂။ | တပ်ကြပ်ကြီးကျော်သန်း+ဒေါ်သက်သက်မျိုးမိသားစု | ကူမဲမြို့ | ၁၀၀၀၀၀ |
| ၂၆၉၃။ | ဦးဝင်းငွေ | အေးသာယာ | ၁၀၀၀၀၀ |
| ၂၆၉၄။ | ဒေါ်ချိုချိုတင် (ကြွေပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန်မြို့ | ၂၀၀၀၀၀ |

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ (1" x 1 ½ ")အရွယ် (စက်ခွဲ) လမ်းခင်းကျောက်(၇၁၆၀)ကျင်းအား အောက်ပါဘူတာများ/ကျောက်စုပုံကွင်းများ အရောက်ဝယ်ယူရန် -

**တင်ဒါအမှတ် – ၁၀၅/မမ/ပတ/CE (2022–2023)**

| စဉ် | ပေးပို့ရမည့်ဘူတာ/ ကျောက်စုပုံကွင်း | ဝယ်ယူမည့်ကျင်း |
|---|---|---|
| ၁ | နှောင်ကားလမ်းခွဲ | ၁၈၀၀ |
| ၂ | ပင်းပက်(သံမဏိစက်ရုံ) | ၁၈၀၀ |
| ၃ | ထီဖောင်းအလယ်ရွာ | ၁၃၈၀ |
| ၄ | ပေါ်မူ | ၂၁၈၀ |
| | စုစုပေါင်း | ၇၁၆၀ |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၅ . ၇ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၁၁ . ၇ . ၂၀၂၂)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်–

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ တိုက်အမှတ် (၁၀၈)၊ မြေညီထပ်ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၆x၆၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်စန်းစန်းအေး ၁၂/ပဘတ(နိုင်)၀၁၆၆၅၆၊ ဒေါ်ဝင်းဝင်းမြင့် ၁၂/ပဘတ(နိုင်)၀၁၆၁၀၈ နှင့် ဦးဆန်းအောင်ထူး ၁၂/ပဘတ(နိုင်)၀၂၉၃၅၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်ဇော်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၃၆/၉၁)**

**အမှတ် (၁၅)၊ ဒုတိယထပ်၊ ၂၅–လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း – ၀၉–၅၁၉၄၉၉၈၊ ၀၉–၇၉၅၁၉၄၉၉၈၊ ၀၉–၇၆၅၁၉၄၉၉၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5266 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ ကျိုက်ပရန်အရှေ့၊ အခြေခံပညာမူလတန်း(လွန်) ကျောင်း၊ Grade–4တန်းမှ မပန်းအိဖြူ နှင့် Grade–1တန်းမှ မောင်တင်ဝင်းအောင်တို့၏ဖခင် ဦးအောင်နိုင်နှင့် ဦးအေးမင်းခိုင် ၁၀/ကမရ(နိုင်) ၁၃၅၄၁၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်(ခ)ဦးအေးမင်းခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/6821 TOYOTA TOYOACE KDY 230 Light Truck (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသန္တာအေး ၃/ဘအန(နိုင်) ၁၆၇၁၈၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ မြို့မ(၄)၊ မော်–သံလမ်း၊ အမှတ်(၃၉)၊ ကောင်းထက်မိတ္တူ(ဆိုင်)နေ မင်းအောင်မြင့်–ဒေါ်စန်းတို့၏သား မင်းဟန်သစ်လွင် ၁၀/မဒန(နိုင်)၁၇၈၀၆၆ သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို မိဘနှစ်ပါးမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မင်းအောင်မြင့်–ဒေါ်စန်း**

## မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## မိုးကောင်းမြို့
## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာချက်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်(၃/၂)၊ အရှေ့ရပ်၊ ဦးပိုင်အမှတ်(၈၃–က)၊ ဧရိယာ(၀.၀၆၉)ကေရှိ ဘိုးဘပိုင် မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်မောင်အေး၊ ဦးခင်မောင်ချိုအမည်မှ ဦးကျော်ထွန်းဝင်း ၅/ကသန(နိုင်)၀၆၉၄၂၆ အမည်သို့ ပြောင်းလဲရန် မိုးကောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှုးရုံး၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှုး**
**မိုးကောင်းမြို့**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အိမ်အမှတ် (၇၉၇/B)နေ ဦးထွန်းကြည် ၁၀/မလမ(နိုင်)၀၄၅၁၁၄ နှင့် ဒေါ်သန်းသန်းမူ ၁၀/မလမ(နိုင်)၀၄၅၀၉၁ တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဝင်းဝင်းရီ ၁၀/မလမ(နိုင်)၁၉၇၄၈၅အား "အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားစာချုပ်"ကို မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် မှတ်ပုံတင်စာချုပ်အမှတ် (၈/၂၀၁၅) ဖြင့် မှတ်ပုံတင်၍ အမွေစား အမွေခံအဖြစ် မွေးစားခဲ့ပြီးဖြစ်ပါသည်။

မွေးစားဖခင် ဦးထွန်းကြည်နှင့် မွေးစားမိခင် ဒေါ်သန်းသန်းမူတို့ ပေါင်းသင်းခဲ့စဉ် သားရင်းသမီးရင်း ထွန်းကားခဲ့ခြင်းမရှိခဲ့ပါ။ မွေးစားဖခင် ဦးထွန်းကြည်နှင့် မွေးစားမိခင် ဒေါ်သန်းသန်းမူတို့နှစ်ဦး ပေါင်းသင်းခဲ့စဉ်က မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကွင်းအမှတ် (၇၇)၊ ကွင်းအမည်–ကွင်းရပ်၊ ဦးပိုင်အမှတ် (၇၃/ထ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက နှစ် (၃၀) အငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၇၉၇/ဘီ)၊ အောက်လမ်းမကြီး၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော အုတ်ညှပ်သွပ်မိုး (၂)ထပ်နေအိမ်အား လက်ထက်ပွားပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ကြပါသည်။

မွေးစားဖခင် ဦးထွန်းကြည်မှာ ၃–၁–၂၀၁၉ ရက်တွင်လည်းကောင်း၊ မွေးစားမိခင် ဒေါ်သန်းသန်းမူမှာ ၂၆–၂–၂၀၁၉ ရက်တွင်လည်းကောင်း၊ အသီးသီး ကွယ်လွန်သွားခဲ့ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွေးစားသမီး ဒေါ်ဝင်းဝင်းရီက မွေးစားမိဘများ ကွယ်လွန်သွားခဲ့ပြီးနောက် ကျန်ရစ်ခဲ့သော လက်ထက်ပွားပစ္စည်းဖြစ်သည့် အထက်ဖော်ပြပါအိမ်နှင့် မြေကို ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ပြုလုပ်ရန် စီစဉ်ထားပြီးဖြစ်ပါ၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဥပဒေနှင့်အညီ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းရီက ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ညွှန်ကြားချက်အရ – | |
|---|---|---|
| ဒေါ်ဝင်းဝင်းရီ | ဦးလွင်ဦး(BA,HGP,RL) | ဒေါ်တင်မိုးခိုင် (LL.B) |
| ၁၀/မလမ(နိုင်)၁၉၇၄၈၅ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်–၃၀၇၁၊၂၆–၃–၈၅) | (စဉ်–၁၇၁၁၄၊ ၂၇–၁–၂၀၂၁) |
| | အိမ်အမှတ်(၇၆၇)၊ အောက်လမ်းမကြီး၊ | အိမ်အမှတ်(၁၉၄၈)၊(၁၄)လမ်း၊ |
| | ကွင်းရပ်ရပ်ကွက်၊မော်လမြိုင်မြို့၊ | မြိုင်သာယာရပ်ကွက်၊ |
| | ဖုန်း–၀၉–၅၃၂၂၅၂၄ | မော်လမြိုင်မြို့၊ |
| | | ဖုန်း–၀၉–၄၂၅၃၃၀၆၁၅ |

**ဒေါ်ဝင်းဝင်းရီ၏တရားလွှတ်တော်ရှေ့နေများ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်(မြန်မာကျပ်ငွေ) (DDP At Site) ဖြင့် အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည် –

| | | |
|---|---|---|
| (က) | Tender No. 18(T)(Re)/ EPGE/2022–2023 | ဆည်တော်ကြီးနှင့်ရဲရွာဓာတ်အားပေးစက်ရုံများအတွက် လျှပ်စစ်ပိုင်းဆိုင်ရာအရန်ပစ္စည်း(၂)မျိုး ဝယ်ယူခြင်း |
| (ခ) | Tender: No.19(T)/ EPGE/2022–2023 | ကြီးအုံကြီးဝစက်ရုံရှိ အမှတ်(၁)စက်၏ Statorနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း |

၂။ ဝယ်ယူမည့် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ စာအိတ်(က) (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(ခ) (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်များ၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** – (က) ၂၉–၇–၂၀၂၂ ရက် ၊ ၁၃:၀၀နာရီ
(ခ) ၃၀–၈–၂၀၂၂ရက်၊ ၁၃:၀၀နာရီ

၄။ တင်ဒါပုံစံအား ၁၅–၇–၂၀၂၂ရက်မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း– ၀၆၇–၈၁၀၄၂၇၉)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၂၄

ဒေါ်ရီရီသန့် — နှင့် — ဒေါ်သန်းသန်း
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၆)လမ်း၊ အမှတ်(၃၅၀)နေ ဒေါ်သန်းသန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက(လေယာဉ်ကွင်း) ကျောင်း၊ Grade–4 မှ မောင်အာရှန်ဆားရ်၏ ဖခင်အမည်မှန်မှာ ဦးချန်းဖီရမ် ၁/မကန(နိုင်) ၂၁၂၇၃၇ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

တနိုင်းမြို့နယ်၊ လမုန်ကျေးရွာအုပ်စု၊ ကျောင်းကုန်း–၂ မှ မခင်နွေး ၁/တနန(နိုင်)၀၂၈၃၅၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉–၁၁–၁၉၉၉ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/14570 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဝေရှိန်း ၁၄/ဟသတ(နိုင်)၃၃၉၀၁၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၂၀
### ဒေါပုံမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၃

၁။ ဒေါ်မိုးမိုးခိုင် — နှင့် — ဒေါ်သင်းသင်းစိုး
၂။ ဦးထွန်းလှိုင်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်အောင်)
**တရားလိုများ** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်–၂၉၄၊ (ဒုတိယထပ်)နေ ဒေါ်သင်းသင်းစိုး (MELODY TRAVEL & TOUR) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် ဒေါ်မိုးမိုးခိုင်နှင့် ဦးထွန်းလှိုင်တို့က ပြည်ပခရီးစဉ်အတွက် ပေးအပ်ခဲ့သော အမေရိကန်ဒေါ်လာ (4429) သို့မဟုတ် ၎င်းနှင့်ညီမျှသော မြန်မာကျပ်ငွေ ၈၈၅၀၀၀၀/– ပြန်လည်ရရှိလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၅ ရက် ( ၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်ကျော်)**
**တွံဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## ASEAN Network of Intellectual Property Enforcement Experts (ANIEE)က ဦးစီးကျင်းပမည့် Poster နှင့် Video ပြိုင်ပွဲသို့ ဖိတ်ခေါ်ခြင်း

၁။ ASEAN Network of Intellectual Property Enforcement Experts (ANIEE) မှ မူပိုင်ခွင့်ဆိုင်ရာ Poster နှင့် Video ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်နိုင်သဖြင့်လူငယ်လူရွယ်များပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပိုစတာပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များမှာ–
- (က) "Respecting Intellectual Property Rights in Midst of the Pandemic to Protect MSMEs"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရပါမည်။
- (ခ) အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်လူရွယ်များပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
- (ဂ) Poster အရွယ်အစားသည် A4 (8.27'x 11.69')(300 DPI) PORTRAIT ဖြစ်ရမည်။
- (ဃ) ပြိုင်ပွဲဝင်သူသည် ပိုစတာပြုလုပ်နေသည့် အထောက်အထား video ကို တင်ပြရမည်။
- (င) ပြိုင်ပွဲဝင်သူသည် တီထွင်ဖန်တီးမှုဖော်ပြရန်အတွက် Photoshop၊ Paint (သို့မဟုတ်) မည်သည့် graphics software ကိုမဆို အသုံးပြုနိုင်ပါသည်။
- (စ) ပိုစတာသည် high resolution JPEG Format ၊ Maximum File size– 10 MB ဖြစ်ရမည်၊ အနည်းဆုံး 1920 x 1080 pixels နှင့် 300 dpi ဖြစ်ရမည်။
- (ဆ) ပြိုင်ပွဲဝင်သူကိုယ်တိုင်ဖန်တီးထားသည့် Static digital Imageဖြစ်ရမည့် အပြင် ဖော်ပြချက် အကျဉ်းချုပ်သည် စကားလုံး ၁၀၀ ထက်မပိုရပါ။
- (ဇ) ယခင်ပြိုင်ပွဲများတွင် ပြိုင်ခဲ့သည့်အကြောင်းအရာများ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများကို ချိုးဖောက်သည့် အကြောင်းအရာများအား ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။
- (ဈ) လူပုဂ္ဂိုလ်များ၏ ပုံရိပ်များပါဝင်ပါက အဆိုပါ ပုဂ္ဂိုလ်၏ သဘောတူညီချက်ပါရှိရမည်။
- (ည) ပြိုင်ပွဲဝင်သူသည် Poster တစ်ခုသာ တင်သွင်းယှဉ်ပြိုင်ရမည်။
- (ဋ) ပြိုင်ပွဲဝင်လက်ရာများအနက်မှ အကောင်းဆုံးလက်ရာရှင်တစ်ဦးကို စိစစ်ရွေးချယ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများနှင့် ယှဉ်ပြိုင်ရန် ပေးပို့သွားပါမည်။

၃။ Video ပြိုင်ပွဲအတွက် စည်းကမ်းချက်များမှာ–
- (က) "IP and Youth: Digital Enforcement, Innovating for a Better Future" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရပါမည်။
- (ခ) အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်လူရွယ်များ(တစ်ဦးချင်း/အဖွဲ့) ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
- (ဂ) Video သည် ၁ မိနစ်မှ ၃ မိနစ်အတွင်း ကြာမြင့်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား ဖြစ်ရမည်။ (မြန်မာဘာသာဖြင့် စာတန်းထိုး ရေးသားနိုင်သည်။)
- (ဃ) ယှဉ်ပြိုင်သည့် Video သည် အခြား Social Media များအပါအဝင် You Tube Terms of Service and Community Guideline နှင့်ကိုက်ညီရမည်။
- (င) အဆိုပါ Video သည် ပြိုင်ပွဲဝင်၏ ကိုယ်ပိုင်လက်ရာဖြစ်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်များ၏ ပုံရိပ်များပါဝင်ပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ပါရှိရမည်။
- (စ) ပြိုင်ပွဲဝင်သည် Video တစ်ခုသာတင်သွင်းယှဉ်ပြိုင်ရမည်။
- (ဆ) ပြိုင်ပွဲဝင်လက်ရာများအနက်မှ အကောင်းဆုံးလက်ရာရှင်တစ်ဦးကို စိစစ်ရွေးချယ်ပြီး အာဆီယံ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် ပေးပို့သွားပါမည်။

၄။ ANIEE မှ Poster နှင့် Video တစ်ခုချင်းစီအတွက် အောက်ပါအတိုင်း ဆုချီးမြှင့်မည်ဖြစ်ပါသည်–
- (က) ပထမဆု – 500 USD
- (ခ) ဒုတိယဆု – 300 USD
- (ဂ) တတိယဆု – 200 USD

၅။ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်လက်ရာ(hard copy နှင့် soft copy)တို့ကို မိမိ၏ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူပူးတွဲလျက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ipdept.public@gmail.com emailသို့ဖြစ်စေ(၁–၈–၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်သွားရန်နှင့် ပြိုင်ပွဲဝင်လက်ရာများအနက်မှ သတ်မှတ်စည်းကမ်းချက်နှင့်ကိုက်ညီသည့် Poster နှင့် Video ပြိုင်ပွဲတစ်ခုစီအတွက် အကောင်းဆုံး လက်ရာ(၁)ခုစီအား စိစစ်ရွေးချယ်ပြီး ရွေးချယ်ခံရသည့် ကာယကံရှင်ထံသို့ အကြောင်း ကြားပါမည်။ အဆိုပါ လက်ရာ(၂)ခုအား အာဆီယံဒေသတွင်းပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်း ပြိုင်ပွဲတွင် ဆုရရှိပါက ဆက်သွယ်ပေးမည်ဖြစ်ပါသည်။

၆။ အာဆီယံဒေသတွင်း ဆုရရှိသူ၏ မူပိုင်ခွင့်သည် ကာယကံရှင်ဖြစ်သော်လည်း အဆိုပါ Poster နှင့် Video အား အသုံးပြုခွင့်သည် ANIEE နှင့်သက်ဆိုင်သည်။

၇။ အဆိုပါ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စုံစမ်းသိရှိလိုပါက မူပိုင်ခွင့်ဦးစီးဌာန၏ တယ်လီဖုန်းနံပါတ် ၀၆၇–၄၃၀၅၉၅ သို့မဟုတ် ၀၆၇–၄၃၀၅၉၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မူပိုင်ခွင့်ဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြည့်ပြည့်ဖြိုး ၁၄/ဒဒရ(နိုင်) ၁၁၆၉၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၆၈၀/က) (တစ်နည်းအားဖြင့် ဆိုလျှင်) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ သဠ္လာဝတီ ၅ လမ်း၊ အမှတ်(၁၆၈၀/က)ဟုခေါ်တွင်သော အကျယ်(၂၀ပေx၆၀ပေ)၊ ဧရိယာ ၁၂၀၀ စတုရန်းပေရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင့်ဆွေ (YMN–၁၇၉၁၉၈)အမည်ဖြင့် မှတ်သားတည်ရှိပြီး ရောင်းချသူများဖြစ်သော (၁)ဦးမြင့်ဇော်ဦး ၁၀/ဒမန(နိုင်)၁၀၅၃၆၂၊ (၂) ဒေါ်လွင်မာဝင်း ၁၂/သကတ(နိုင်)၁၃၆၇၃၁ တို့မှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းတို့သာလျှင် လိုသလိုစီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**U Zaw Myint (Law Firm)**

| | |
|---|---|
| ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B) | ဦးရဲမြင့်အောင်(LL.B) |
| (စဉ်–၁၂၉၈၆/၂၀၁၇) | (စဉ်–၄၁၇၀၃/၂၀၁၃) |
| ဒေါ်သဲသဲဦး(LL.B)(စဉ်–၁၈၀၇၇/၂၀၂၂) | ဒေါ်တင်ဇာမျိုး(LL.B) |
| (တရားလွှတ်တော်ရှေ့နေများ) | (စဉ်–၄၅၂၆၅/၂၀၁၄) |
| | ဒေါ်သူဇာဝင်း (LL.B)(စဉ်–၅၁၇၇၃) |
| | (အထက်တန်းရှေ့နေများ) |

**အခန်း(၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်၊ မြေတိုင်းရပ်ကွက် အမှတ်/အမည်(၆/မြို့မရပ်) ဦးပိုင်/မြေကွက်အမှတ်(ပ–၂၀၄၁၄)၊ အလျား ၈၀ ပေခန့်x အနံ ၆၀ပေခန့် ဧရိယာ ၀ ဒသမ၁၁၀ဧကေရှိ နှစ် ၃၀၀ရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးရဲနောင်(ဘ)ဦးကျော်ရွှေ ၇/ညလပ(နိုင်)၀၈၇၄၅၂ မှ နေပြည်တော်စာရွက်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် (VI ၁၈၉၈/၂၀၂၁) ဖြင့် ဒေါ်လွင်လွင်နိုင် (ဘ)ဦးဝင်းမြင့် ၁၂/သဃက (နိုင်) ၀၉၆၃၂၃ သို့လွှဲအပ်ထားခြင်းအား ၁၃–၇–၂၀၂၂ ရက်မှစ၍ ခွင့်ချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲနောင် ၇/ညလပ(နိုင်) ၀၈၇၄၅၂၊**
**ဖုန်း–၀၉–၄၂၉၂၂၃၆၃**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်သိန်းကြည်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဆရာကြီး ဦးကျင်မြင့်(အထက-ငြိမ်း)-ဒေါ်တင်မေဌေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဌေးဝင်း)(ဗဟိုတရားရုံးချုပ်-ငြိမ်း)-ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေပြည်သာ မြို့နယ်နေ ဦးထွန်းမြတ်ကြွယ်-ဒေါ်ထွေးထွေးစိန်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာနေ ဦးတင်ဖုန်းမြင့်-ဒေါ်ရီရီနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ(အမှုဆောင်အရာရှိချုပ်YESC, MOEP)-ဒေါ်နီလာရှိန်၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ ဦးစိုးမိုး-ဒေါ်ဌေးဌေး(ရွှေစည်-စိုက်ပျိုးရေးဆေးဆိုင်) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၉ယောက်၊ မြစ် ငါးယောက်တို့၏ အဘွား၊ ဦးအေး၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းကြည်သည် ၁၀-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေကျင်မြို့နေ ဦးအေး-(ဒေါ်သိန်းကြည်)တို့နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးခင်မောင်ရင်
## (ညွှန်ကြားရေးမှူး၊ လ.ဝ.က-ငြိမ်း)
### အသက်(၇၁)နှစ်

စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(ဘီ/၁၄)နေ (ဦးကျော်တင်-ဒေါ်စောနှယ်)တို့၏သား၊ ဒေါ်မိမိခိုင်၏ ခင်ပွန်း၊ မစုဝိုင်းယဉ်၊ မခင်ဝိုင်းယဉ်တို့၏ဖခင်သည် ၁၁-၇-၂၀၂၂ရက် ည ၁၁:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ပတ်စ်ပို့ ပျောက်**

ကျွန်တော် မောင်သန်းလင်းထိုက် ၆/ထဝန(နိုင်)၁၃၂၆၀၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၁၁၀၀၁၅

# ဦးစိန်မင်း(ဦးစီးအရာရှိ-ပုံနှိပ်)
## ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အသက်(၅၀)နှစ်

ရန်ကုန်မြို့၊ ကျန်းမာရေးတက္ကသိုလ်ဝင်းနေ(ဦးစောမြသောင်း-ဒေါ်သန်းငွေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်ဝင်း-ဒေါ်သိန်းကျင်)တို့၏သားသမက်၊ မကွေးမြို့နေ (ဦးအောင်ဝင်းဦး-ဒေါ်လှခင်)တို့၏မောင်၊ ရန်ကုန်မြို့နေ (ဦးမြတ်ကို)-ဒေါ်ဝင်းမော်အေး(စာပေဗိမာန်ပုံနှိပ်စက်ရုံ)တို့၏ညီ၊ (ဒေါ်တင်တင်ညို)၊ (ဦးထွေးမောင်)-ဒေါ်မြင့်မြင့်ဝေတို့၏အစ်ကို၊ ဒေါ်မြတ်စောငြိမ်း(ဦးစီးအရာရှိ၊ ပုံနှိပ်၊ ဂျီတီစီပုံနှိပ်စက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းစည်သူ၏ ဖခင်သည် ၁၂-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၄:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဖိုတိုလစ်သိုပုံနှိပ်စက်ရုံမှ ကားများ မွန်းလွဲ ၁၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၂ရက်(တနင်္လာနေ့) တွင် ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၅၀)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
# ဦးစိန်မင်း
### အသက်(၅၀)နှစ်

ဦးစိန်မင်း(ဦးစီးအရာရှိ၊ ပုံနှိပ်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ)သည် ၁၂-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၃၆၅၆၉, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင် ၆/ထဝန(နိုင်)၀၈၀၁၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အ တွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/13874, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်သက် ၆/ထဝန(နိုင်)၁၃၅၄၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၁၁၃၉၆, ထရော်လာဂျီ B2 လက်တွန်းထွန်စက် နောက်တွဲပါ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာလွင် ၆/ထဝန(နိုင်) ၁၂၁၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ထားဝယ်)**

# အလွှာပေါင်းအသျှင်မြတ် အမိန့်တော်ခံယူခြင်း
# ဒေါ်အမာဂျန်(ခ)ဒေါ်အမာ(ဖျာပုံ-ဒေးဒရဲ)
## (ဟာဂျီ-ဦးဆရက် ပရဆေးဆိုင်)
## အသက်(၈၉)နှစ်

ဒေးဒရဲမြို့၊ ဗိုလ်ချုပ်လမ်းနေ(ဦးအီဘရာဟင်-ဒေါ်ဘီဘီ)တို့၏သမီးငယ်၊ ဖျာပုံမြို့၊ အမှတ် ၁၅၊ ရွှေသာလျောင်း ဘုရားလမ်းနေ (ဟာဂျီဦးဆရက်-ဒေါ်ရှုရီဖာ(ခ)ဒေါ်အေးချမ်း) တို့၏ သမီးချွေးမ၊ (ဟာဂျီ ဦးကျော်လွင်)၏ချစ်ဇနီး၊ ဒေးဒရဲမြို့နေ (ဦးမောင်ခိုင်-ဒေါ်ဟဝါဘီ)၊ (ဒေါ်အတီ)၊(ဒေါ်အမီနာ)၊ ရန်ကုန်မြို့နေ (ဦးခင်မောင်လေး-ဒေါ်ခမေဝင်း)၊ (ဦးသန်းလှိုင်)-ဒေါ်တင့်တင့်တို့၏ညီမ၊ အစ်မသည် ၉-၇-၂၀၂၂ရက် ညတွင် နေအိမ်၌ အလွှာပေါင်းအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၇-၂၀၂၂ရက်တွင် ဖျာပုံမြို့ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြုလုပ်ပြီးဖြစ်ကြောင်း ရပ်ဝေးနေဆွေမျိုးများနှင့် မိတ်ဆွေ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7154,Honda Fit GE6, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ D Zin Mar Latt 12/Ma Ga Da(N)102894 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ လမ်းသာယာလမ်း၊ အမှတ်(၄၄)နေ ဒေါ်တင်တင်ကျော် (ဘ) ဦးကျော်ဝင်း (မှတ်ပုံတင်အမှတ် - ၁၂/ဒဂတတ (နိုင်) ၀၅၃၆၃၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

®၁၆၄၁/၂၀၂၂ ®၁၆၄၂/၂၀၂၂

ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီဖြစ်သူ " D-MAR COMPANY LIMITED "မှ အထက်ဖော်ပြပါ "D-MAR ဒီမာ" တံဆိပ်အမည်အမှတ်သားဖြင့် ခေတ်ပုံ၊ ရုပ်ရှင်၊ ဖျော်ဖြေရေး၊ ပွဲစီစဉ်ခြင်း၊ ရုံးခန်းစီမံခန့်ခွဲခြင်း၊ အသံသွင်းစတူဒီယိုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကိုလည်း အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်သားဖြင့် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၁၆၄၁/၂၀၂၂)ဖြင့် မြွက်ဟကြေညာ မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

ထို့ပြင် " D-MAR COMPANY LIMITED " မှ " HOME MADE HOT POT "၊ မာလာအနှစ်၊ ဟော့ပေါ့အနှစ်၊ တုန်ယမ်းအနှစ်၊ အနှစ်အမျိုးမျိုး၊ မာလာရှမ်းကော၊ မာလာမောက်ချိုက်၊ ပင်လယ်စာနှင့် အသားလုံးဖြန့်ချိရေးနှင့် စားသောက်ကုန်အမျိုးမျိုး၊ စီးပွားရေး လုပ်ငန်းများတွင် ကပ်နှိပ်အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချခြင်း၊ ဆိုင်ခွဲများဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ် တံဆိပ်အမည်အမှတ်သားကိုလည်း တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၁၆၄၂/၂၀၂၂)ဖြင့် မြွက်ဟကြေညာ မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ တစ်ဦးတည်းမူပိုင်အသုံးပြုလျက်ရှိသည့် အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပ၍ဖြစ်စေ၊ ကြော်ငြာခြင်း၊ ဆိုင်းဘုတ်တင်ခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခွဲများဖွင့်လှစ်ခြင်း၊ မှာယူတင်သွင်းခြင်း တို့ကို မပြုလုပ်ကြပါရန်၊ ပြုလုပ်ပါက " D-MAR COMPANY LIMITED "၏ လုပ်ငန်း အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်တို့အတွက် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နော်ဆာဝါးထူး(LL.B, D.I.L)** | **ဒေါ်ခိုင်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၀၀)** |

**ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့။ ၀၉-၄၀၂၅၁၀၈၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ အကွက်အမှတ်(၁၇၈)၊ ဦးပိုင် (၂၃၈/က)၊ ဧရိယာ(၀ဒသမ၂၀၉)ဧကရှိ မြေကွက်အား ဒေါ်ခင်ကြည် ၁/မစန(နိုင်)၀၁၄၉၈၇အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်ကြည်**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် ၃၅၊ အခန်း ၁၁နေ ဒေါ်မြစန္ဒာအေး ၁၂/စခန(နိုင်)၀၃၇၄၈၈ က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကြီးကိုင်ရွာနေ မြေအကျယ်အဝန်း ၁၂၀ပေ xပေ ၆၀ ကို မူလပိုင်ရှင် ဦးခင်မောင်ထွေးထံမှ ဒေါ်မြင့်မြင့်မိုး ၉/မရမ(နိုင်)၀၁၃၂၇၁ က လည်းကောင်း၊ ဒေါ်မြင့်မြင့်မိုးထံမှ ဒေါ်ပန်းယုဝေ ၉/စကတ(နိုင်)၀၇၆၁၃၄ ကလည်းကောင်း ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသော အရှေ့လားသော် ရွာအိမ်ခြံစပ်အထိ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-အကွက်အမှတ်(C2)အလားအလာလေးရပ်ရှိ ရွာမြေကွက်အမှတ် (C3,C4)မြေနှစ်ကွက်ကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အလို့ငှာ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေနှင့်စပ်လျဉ်းပြီး ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူမည်သူမဆို တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝင့်လွင်**
**(LL.B,D.B.L) WIPO(Switzerland) စဉ်-၈၉၇၅/၁၃**
**သန့်ရှင်းသူအပေါင်းဘုရားကျောင်းဝင်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဧ/တရပ်ကွက်၊ ဝေဇယန္တာတာဝါ၊ (၉)လွှာ၊ အခန်း (၁၀၀၁)၊ အမှတ်(၅၄)နေ ဒေါ်မျိုးမျိုး ၁၂/ကမရ(နိုင်) ၀၀၀၆၁၆နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက်(၃၅)၊ အခန်း(၉)နေ ဒေါ်မြကေသွယ်အေး ၁၂/စခန(နိုင်) ၀၃၈၉၅၄တို့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကြီးကိုင်ရွာမြေ အကျယ်အဝန်း (အရှေ့ ၁၀၈ပေ၊ အနောက် ၁၂၀ ပေ၊ တောင် ၁၂၆ပေ၊ မြောက် ၁၂၆ပေ)ကို မူလပိုင် ရှင် ဦးတင်မြင့်ထံမှ ဒေါ်မြင့်မြင့်မိုး ၉/မရမ(နိုင်) ၀၁၃၂၇၁ကလည်းကောင်း၊ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသော အရှေ့လားသော် ဒေါ်တင်မေလင်း ခြံစပ်၊ အနောက်လားသော်- ဒေါ်ခိုင်ခိုင်ဝင်းခြံစပ်၊ တောင်လားသော်-ပေ (၂၀)လမ်း၊ မြောက်လားသော်-ဦးတင်မြင့် ခြံစပ် အလားအလာလေးရပ်ရှိ ရွာမြေကွက်အမှတ်(A1)မြေကွက်ကို အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အလို့ငှာ စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို တရားဝင် စာချုပ်စာတမ်းမူ ရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝင့်လွင်(LL.B,D.B.L,WIPO(Switzerland))**
**(စဉ်-၈၉၇၅/၁၃)**
**သန့်ရှင်းသူအပေါင်းဘုရားကျောင်းဝင်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်၂၊ ပထမထပ်(ဝဲ) ခေါင်းရင်းခန်း (၅၅ပေ x ၁၂ပေခွဲ) တိုက်ခန်းကို ပိုင်ရှင်ဖြစ်ကြောင်း နှင့် ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြု ရောင်းချသူ ဒေါ်တင်အုန်းမြင့်(ဘ)ဦးတင်မောင် ၁၂/အစန(နိုင်)၁၀၅၄၇၅ ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးမြထွန်း (ဘ) ဦးခွေး ၁၂/ ပဇတ(နိုင်)၀၀၈၇၇၂ က ဝယ်ယူ ရန် စရန်ငွေများ ပေးချေထားပြီးဖြစ်၍ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ သုံးရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြထွန်း ၁၂/ ပဇတ(နိုင်)၀၀၈၇၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းမြင့်** | **ဦးကျော်ဆန်းနိုင်** |
| **B.A(Law),LL.B,D.B.L** | **B.A(Law),LL.B,D.B.L,D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၁၇)** | **D.I.L,M.A(Business Law)** |
| **ဖုန်း-၀၉-၅၁၆၇၁၇၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉)** |
| | **ဖုန်း-၀၉-၅၁၆၃၅၄၂** |

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၅-၂၀၂၂ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈)တွင် CB Bank PCL ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်တွင် CB Bank PCL အမည်သို့စက်မှုစီးပွားမြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၃၂၁)၊ ဧရိယာ(၀ဒသမ၀၆၂)ဧက၊ အလျား ၄၅ ပေ x အနံ ၆၀ ပေ၊ ဦးမြမောင်အမည်ပေါက်လျက်ရှိသော မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ အနက် မှ တရားဝင်မခွဲစိတ်ရသေးသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ သီဟလမ်း၊ မြေကွက်အမှတ်(၃၂၁)(ခေါင်းရင်းခြမ်း)၊ အလျား ၂၀ ပေ x အနံ ၆၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြစန္ဒာ ၁၂/ဗဟန(နိုင်) ၀၁၁၀၉၆၊ ဒေါ်မိုးသူဇာ ၁၂/ဗဟန(နိုင်) ၀၀၂၅၇၉နှင့် ဦးစန်းယု ၁၂/ဗဟန(နိုင်) ၀၂၂၀၈၆တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်မိုးဆန်း ၁၂/လသန(နိုင်) ၀၁၉၁၅၀က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သက်ဦး(LL.B,D.B.L,DIR) GCIP(DL-101/2014)Switzerland**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)**
**MYAN-LEX CONSULTANCY LIMITED**
**အမှတ်(၃)၊ မြေညီထပ်၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၁၈၈၁၂၊ ၀၉-၇၈၄၁၁၁၉၉၂**

## ကန့်ကွက်နိုင်ကြောင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီအုပ်စု၊ အရှေ့အေးမြကြည်လင်ရပ်ကွက်နေ ဦးမင်းမင်းစိုး ၉/ကဆန(နိုင်)၁၂၀၉၆၃ ပိုင်ဆိုင်သော အကွက်အမှတ်(၁၂)ဦးပိုင်အမှတ်(စက-၁၁က) မြေပေါ်တွင် (RC-၂)ထပ် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁)ပတ် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးမင်းမင်းစိုး**
**ဖုန်း-၀၉-၇၉၅၈၀၃၀၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်၄၄ဟု ခေါ်တွင်သော ဒေါ်ဆောင်းညွန့် အမည်ပေါက် အကျယ်အဝန်း (၄၀x ၆၀)ပေရှိမြေကွက် ပိုင်ဆိုင်မှု အပါအဝင် ယင်းမြေပေါ်ရှိ (၂)ခန်းတွဲ(၃)ထပ် အဆောက်အအုံ၏ မြေညီထပ်(ခေါင်းရင်းခန်း)တို့အား ၁၅-၆-၂၀၁၉ ရက်စွဲပါ စာချုပ်ဖြင့် အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း အဆိုပြုသူ ဦးကျော်ကိုကိုဝင်း ၁၂/လမန(နိုင်)၁၄၈၄၉၀ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံး ချိန်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာအေး(တရားလွှတ်တော်ရှေ့နေ) စဉ်-၇၇၂၆/၂၀၁၀**
**အမှတ် ၁၀၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၁၂၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်၇ လမ်း၊ အမှတ် ၈၅ ဟု ခေါ်တွင်သော မြေကွက်ပေါ် တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ၏ မြေညီထပ်(ထပ်ခိုးပါ)၊ခြေရင်းခန်း၊ အကျယ်အဝန်း(၁၁ပေခွဲ x၄၈ပေ)ရှိ တိုက်ခန်း အား မူလအခန်းပိုင်ရှင်(မြေရှင်)ဖြစ်သူထံမှ အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း ထုတ်ဖော်ပြသအဆိုပြုသူ ဦးအောင်တိုး ၁၂/အစန(နိုင်)၀၂၅၀၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးချိန်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာအေး(တရားလွှတ်တော်ရှေ့နေ) စဉ်-၇၇၂၆/၂၀၁၀**
**အမှတ် ၁၀၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၁၂၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးထိန်လင်း ၁၄/မမန(နိုင်)၀၆၉၆၇၆- ဒေါ်သန်းသန်းရီ ၁၄/မမန(နိုင်)၀၆၉၆၇၅ တို့၏ သမီး မခိုင်ဝေလင်း ၁၄/မမန(နိုင်)၁၉၈၃၁၃ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုလုပ်သွားပါ၍ မခိုင်ဝေလင်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်လင်း-ဒေါ်သန်းသန်းရီ**
**မြကန်သာရပ်ကွက်၊**
**အပြင်ပတ်လမ်း၊ မြောင်းမြမြို့**

## သင့်သွေး ဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ချောင်းဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ၎င်းတို့၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ပေးသည့် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်



မိုင်းဆွဲတိုက်ခိုက်ခံရသည့် ခရီးသည်တင်ယာဉ်နှင့် လူနာတင်ယာဉ်အား တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ နေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများ မိုင်းထောင် ဖောက်ခွဲ

*စာမျက်နှာ ၁၇ ကော်လံ ၁* ◆

**ယနေ့ သတင်းအညွှန်း**

**ကမ္ဘောဒီးယားနိုင်ငံ၌ မျိုးရိုးဗီဇပြောင်း အိုမီခရွန်မျိုးကွဲ BA.4 နှင့် BA.5 ကူးစက်မှုတွေ့ရှိ**

နိုင်ငံတကာသတင်း စာ - ၁၃

**ဇူလိုင် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ - ၁၅

**မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှ ငွေကျပ်သိန်း ၄၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်ကို အကြမ်းဖက်သမားလေးဦးက သေနတ်ဖြင့်ပစ်ခတ်ကာ လုယက်ယူဆောင်ခဲ့သဖြင့် ငွေထုတ်ပြန်လာသူ အမျိုးသမီးတစ်ဦး သေဆုံး**

ပြည်တွင်းသတင်း စာ - ၁၆

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၂**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ

*စာမျက်နှာ ၂ ကော်လံ ၃* ❖

## မြန်မာနှင့် ဗီယက်နမ်အသင်း အုပ်စု (ခ) ပထမနေရာအတွက် အဆုံးအဖြတ်ကစားမည်

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၁၃ ရက် (ယနေ့) တွင် ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အဆုံးအဖြတ်ပွဲကစားရမည် ဖြစ်သည်။ အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊

*စာမျက်နှာ ၁၄ ကော်လံ ၁* ●


မြန်မာအမျိုးသမီးအသင်း။ ဓာတ်ပုံ – MFF